# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (4-4-2015) (၈၁၆၅)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီး

## နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ခေတ်မီသည့် IT ပညာရပ်များလိုအပ်

သတင်း စာမျက်နှာ - ၃



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နည်းပညာဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဗိတ်ခေါ်ဆွေးနွေးခြင်း ဆောင်ရွက်

စာမျက်နှာ - ၄

## ဘိုးအင်းလေယာဉ် ၁၀ စင်း ငှားရမ်းပြီး ပြည်တွင်းပြည်ပခရီးစဉ်များ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တိုးချဲ့ပြေးဆွဲမည်

စာမျက်နှာ - ၅



ဒေါ်ဝင်းစုစုထွန်း

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ ခေတ်ရောင်စုံ ...

ကျွန်မကဒေါ်ဝင်းစုစုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ဗိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး ဗိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသုယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ ဗိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်းအစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ ဗိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ။** ဈေးနှုန်းလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွန်း (Admin Head, KTM Logistic & Transportation)

ထပ်မံထောက်ခံအပ်ပါသည်။ ဒေါ်သီတာအောင် (EATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (B)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံစာတည်းရှုထောင့် ၄-၅-၂၀၁၅၊ စနေနေ့

# စွန့်ဦးတီထွင်လုပ်ငန်းရှင်ပျိုးထောင်

ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်ကာလတွင် ကမ္ဘာပေါ်ရှိ ခေတ်မီတိုးတက်သည့်နိုင်ငံတိုင်း အိုင်စီတီနည်းပညာများကို ထိရောက်စွာ အသုံးချကာ နယ်ပယ်စုံတွင် လုပ်ငန်းတွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အစောပိုင်းကာလကတည်းက နိုင်ငံဖွံ့ဖြိုးရေးအတွက် အိုင်စီတီနည်းပညာဗဟိုဌာနများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွဲ့စည်းထူထောင်လုပ်ကိုင်လျက်ရှိသည်။

ထိုကဲ့သို့ ထူထောင်လုပ်ကိုင်ခဲ့သဖြင့် မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များ အိုင်စီတီနည်းပညာများကို ကျယ်ပြန့်စွာ အသုံးပြုကြသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် တိုးတက်သည့် နိုင်ငံအားလုံးတွင် (အိုင်စီတီ) သတင်းအချက်အလက်နှင့် ကွန်ပျူတာနည်းပညာကဏ္ဍမှာ ထိပ်ဆုံးတွင်ရှိနေသည်။ ထိုနည်းပညာကို အသုံးချ၍ ၎င်းတို့နိုင်ငံများကို အစဉ်တိုးတက်အောင် လုပ်ဆောင်နိုင်သည်။

သတင်းအချက်အလက်နှင့် အိုင်စီတီအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတိုးတက်စေရန် သို့မဟုတ် ဂျီဒီပီတိုးတက်စေရန် များစွာအထောက်အကူပေးနိုင်သည်။ ဆက်သွယ်ရေးကေဘယ်လ်ကွန်ရက်သို့ ထိုးဖောက်ဝင်ရောက်ခြင်း ၁၀ ရာခိုင်နှုန်းတိုးတက်မှုသည် စီးပွားရေးတိုးတက်မှုနှုန်းကို သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် သုည ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်စေသည်ဟု အိုင်တီယူမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ကမ္ဘာ့ဘဏ်က နိုင်ငံ ၁၂၀ အပေါ် သုတေသနပြုချက်များအရ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်သို့ ထိုးဖောက်ဝင်ရောက်မှု ၁၀ ရာခိုင်နှုန်း တိုးတက်လာတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သုည ဒသမ ၈ ရာခိုင်နှုန်း တိုးတက်စေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းတိုးတက်လာသည်ဟု သိရသည်။ ထို့ကြောင့် အိုင်စီတီကို အသုံးမချလျှင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မရနိုင်ကြောင်း နားလည်လာကြသည်။ အိုင်စီတီနည်းပညာတွင် အသုံးချနေပြီဖြစ်သော မြန်မာနိုင်ငံတွင်လည်း အဆိုပါ အကျိုးကျေးဇူးများကို သိရှိနေပြီဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အိုင်စီတီကဏ္ဍကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပိုမိုမြှင့်တင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

အိုင်စီတီကဏ္ဍကိုလေ့လာကြည့်မည်ဆိုပါက အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများဟူ၍ အပိုင်းသုံးပိုင်း တွေ့ရသည်။ အဆိုပါ သုံးပိုင်းစလုံးတွင် အိုင်စီတီကို အသုံးပြုခြင်းအားဖြင့် ကဏ္ဍအားလုံးတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်။ အိုင်စီတီ အသုံးချမှုအပိုင်းတွင် နိုင်ငံသားတစ်ဦးချင်းစီ အသုံးချနိုင်မှုနှင့် နည်းပညာတတ်မြောက်မှုကို မြှင့်တင်ဆောင်ရွက်သွားခြင်းအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ငွေကြေးနှင့်အချိန်သက်သာစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့ပြနေပြည်သူများသာမက ကျေးလက်နေပြည်သူများပါ အိုင်စီတီကို နားလည်လာကြပြီး အသုံးပြုမှုများလာသည်။ ထိုအခြေအနေတွင် သာမန်ပြည်သူများ အလွယ်တကူ အသုံးပြုနိုင်မည့် မြန်မာစာ "စံ" စနစ်ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရသဖြင့် ပြည်သူအများစုအတွက် အခွင့်အလမ်းကောင်းဖြစ်စေသည်။ ထို့အပြင် နိုင်ငံတော်က ဆိုင်ဘာစီးတီးတစ်ခု အကောင်အထည်ပေါ်လာစေရန် အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်ဟု သိရသဖြင့် လွန်စွာဝမ်းမြောက်ဖွယ်ကောင်းလှသည်။ တစ်ဆက်တည်းတွင် နေပြည်တော်၌ ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ အိုင်တီပြပွဲကို ခင်းကျင်းပြသပေးနေသဖြင့် လူငယ်လူရွယ်များအတွက် အိုင်စီတီနည်းပညာတိုးပွားလာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များပေါ်ထွန်းရေးသည် အဓိကကျပါသည်။ အဆိုပါလူသားအရင်းအမြစ်များ အိုင်စီတီနည်းပညာများ တိုးတက်တတ်မြောက်ခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝမြင့်မားရေးကို တိုးတက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ အိုင်စီတီအရေးပါပုံကို ပိုမိုနားလည်သဘောပေါက်ပြီး စွန့်ဦးတီထွင်နိုင်သော လူငယ်များပျိုးထောင်ပေးနိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝတ်ရွတ်အသင်းများဖြင့် ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်

**နေပြည်တော် မေ ၃**

ပြည်သူများ ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးပြီး ကောင်းမှုအဖြာဖြာနှင့် ပြည့်စုံစေရန် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ဝန်ကြီးဌာနများမှ ဝတ်ရွတ်အသင်းများ၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များမှ ဝတ်ရွတ်အသင်းများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝတ်ရွတ်အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှ ဝတ်ရွတ်အသင်းများဖြင့် တန်ခူးလပြည့် (မေ ၃ ရက် သောကြာနေ့) နံနက် ၆နာရီမှ ညနေ ၆ နာရီအထိနှင့် တန်ခူးလပြည့်ကျော်တစ်ရက် (မေ ၄ ရက် စနေနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး ရွတ်ဖတ်ပူဇော်ခဲ့သည့် ဝတ်ရွတ်အသင်းများအား နေပြည်တော်ကောင်စီမှ တစ်သင်းလျှင် ကျပ် ငါးသောင်းနှုန်း ချီးမြှင့်ပေးအပ်ခဲ့ပြီး ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့မှလည်း ဝတ်ရွတ်အသင်းအဖွဲ့များအား အချိုရည်၊ သောက်ရေသန့်နှင့် မုန့်များ လှူဒါန်းခဲ့ကြသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လစဉ်မပျက်မကွက် ရွတ်ဖတ်ပူဇော်လျက်ရှိသည့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းကိုလည်း သံဃာတော်များဖြင့် မတ် ၃၀ ရက်မှ မေ ၄ ရက်အထိ ရွတ်ဆိုပူဇော်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ကင်းထောက်များတွေ့ဆုံပွဲ တက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၃**

ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ၏ နှစ်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကျင်းပမည့် အကြိမ် (၂၀)မြောက် ကင်းထောက်များတွေ့ဆုံပွဲ(ဂျန်ဘူရီ)သို့ တက်ရောက်ရန် ထိုင်းနိုင်ငံကင်းထောက်အဖွဲ့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်များသည် ယနေ့နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့(ယာယီ)ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကော်မတီဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မိသားစုဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ ဘုရင့်သမီးတော်၏ နှစ်(၆၀)ပြည့်မွေးနေ့ကို ဂုဏ်ပြုကာ ထိုင်းနိုင်ငံ Chonburi ရှိ Bajiravudh National Scout Camp တွင် ကျင်းပမည့် ကင်းထောက်များတွေ့ဆုံပွဲ(ဂျန်ဘူရီ)ကို မြန်မာနိုင်ငံမှ ဆရာတစ်ဦးနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ရွေးချယ်ထားသည့် ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကိုးဦးသည် မေ ၄ ရက်မှ ၁၀ ရက်အထိ အာရှပစိဖိတ်ဒေသနိုင်ငံများနှင့် နိုင်ငံတကာမှ ကင်းထောက်များ ၅၀၀၀ ကျော်နှင့်အတူ တက်ရောက်ကြမည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၁၁၀၀ | - | ၆၈၂၁၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၁၁၀၀ | - | ၆၈၂၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ခာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၃၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၂၂.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၆.၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၇၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၀.၇၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၆၄၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၂.၈၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄.၄၅၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၇၈၃.၁၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၀.၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း


## မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးအကြိုဈေးရောင်းပွဲ

၄-၄-၂၀၁၅ ရက်မှ ၅-၄-၂၀၁၅ရက်အထိ

Fashion euphoria မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော အတာသင်္ကြန်နှစ်ကူးအကြိုဈေးရောင်းပွဲကို Fashion euphoria ၏ အစဉ်အလာအတိုင်း အံ့သြပျော်ရွှင်ဖွယ် ဈေးနှုန်းများဖြင့် အထူးရောင်းချပေးမည် ဖြစ်ပါသည်။ ၂၀%မှ ၈၀%အထိ ပျော်ရွှင်စွာ ဝယ်ယူနိုင်မည့် အစီအစဉ်ကို ပါဝင်ဆင်နွှဲနိုင်ကြပါရန် မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ကြားအပ်ပါသည်။

အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ
နေရာ - အမှတ်-၅၀၂၊ သုတလမ်းထိပ်၊ ပါရမီ မီးပွိုင့်အနီး၊ ဝေဇယန္တာလမ်းမပေါ် တောင်ဥက္ကလာ
ဆက်သွယ်ရန်ဖုန်း - ၀၁-၅၇၀၀၂၁၊ ၀၉-၅၁၀၅၄၇၁

ပြည်တွင်းရေးရာ

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီး

**နေပြည်တော် မေ ၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့က ဦးဆောင်ကျင်းပလျက်ရှိသည့် Myanmar Software Showcase 2015 သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတသည် နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခန်းမအတွင်း ပြသထားသော ပြည်တွင်း ကွန်ပျူတာပညာရှင်များ ရေးဆွဲထားသည့် ဆော့ဖ်ဝဲပြခန်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ပြသထားသည့် မောင်းသူမဲ့လေယာဉ် သုတေသနပြခန်း၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့မှ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ကွန်ပျူတာပညာရှင်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ခေတ် နည်းပညာ၏ တိုးတက်မှုများသည် အံ့မခန်းနိုင်အောင် တိုးတက်မြင့်မားနေပြီဖြစ်ပါကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာအရေးကြီးပြီး နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ခေတ်မီသည့် IT ပညာရပ်များလိုအပ်ပါကြောင်း၊ နည်းပညာနောက်ကျလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေမည် ဖြစ်ပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်စေရန် ကြိုးစားဆောင်ရွက်နေသည့် အချိန်တွင် မိမိတို့အနေဖြင့် အေးချမ်းသာယာအောင် ဆောင်ရွက်လျက်ရှိပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းသား ကျောင်းသူများက နည်းပညာပိုင်းဆိုင်ရာများကို တတ်မြောက်အောင် ကြိုးစားသင်ယူကြစေလိုကြောင်း၊ တီထွင်ကြံဆမှုများကို အမြဲတမ်းစဉ်းစားဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏စိတ်ကူးများ၊ တီထွင်ကြံဆမှုများကို လက်တွေ့အကောင်အထည် ဖော်နိုင်ရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ တီထွင်ကြံဆမှုများသည် မြန်မာနိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီကျရောက်

**အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်စေရန် ကြိုးစားဆောင်ရွက်နေသည့် အချိန်တွင် မိမိတို့အနေဖြင့် အေးချမ်းသာယာအောင် ဆောင်ရွက်လျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းသား ကျောင်းသူများက နည်းပညာပိုင်းဆိုင်ရာများကို တတ်မြောက်အောင် ကြိုးစားသင်ယူကြစေလို။**

တော့မည့် နှစ်သစ်ကူးအတာသင်္ကြန် အခါသမယတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်တွင်းကွန်ပျူတာပညာရှင်များ ဖြစ်ကြသည့် ဦးသောင်းစုငြိမ်း၊ ဦးဇော်မင်းဦး၊ ဦးသာထက်၊ ဦးရဲမြတ်သူနှင့် ဒေါက်တာ ထွန်းသူရသက်တို့က **"လူငယ်နှင့် အခွင့်အလမ်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဦးလှထွန်း၊ ဦးရဲထွဋ်၊ ဒေါက်တာကိုကိုဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် ကျောင်းသားလူငယ်များ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ၊ နိုင်ငံတော်၏ ရေတိုမျှော်မှန်းချက်(၃)ရပ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန်၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(LDC)အဖြစ်မှ လွတ်မြောက်ရန်၊ အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံအဖြစ် ရောက်ရှိရန်တို့နှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ကျောင်းသားလူငယ်များ၏ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်က တီထွင်ထုတ်လုပ်ထားသည့် UAV မောင်းသူမဲ့လေယာဉ်ငယ် စမ်းသပ်ပျံသန်းမှုအား ကြည့်ရှုအားပေးသည်။

ယနေ့ဟောပြောပွဲတွင် ကွန်ပျူတာပညာရှင်များဖြစ်ကြသည့် ဒေါက်တာသင်းလဲ့လဲ့သိန်းက **"ပထဝီဒေသအနေအထားပြ သတင်းအချက်အလက်စနစ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ချောခင်ခင်က **"ICT အလုပ်အကိုင်အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးသောင်းစုငြိမ်းက **"လူမှုကွန်ရက်မီဒီယာဆိုင်ရာအချက်အလက်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာထွန်းသူရသက်က **"နည်းပညာဆိုင်ရာ လျင်မြန်စွာပြောင်းလဲမှုများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးရဲကျော်သိန်းက **"သတင်းလုံခြုံမှုစနစ်"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးလင်းလင်းကိုက **"ခေတ်သစ်မိုဘိုင်း ဆက်သွယ်မှုစနစ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ယခုပြပွဲတွင် IT Industry သည် တိုင်းပြည်၏ ဂျီဒီပီကိုတိုးတက်အောင် စွမ်းဆောင်နိုင်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ပြီး IT အသုံးချဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် မြန်မာနိုင်ငံ Software Industry မှ စွန့်ဦးတီထွင်လူငယ် ၃၉ ဖွဲ့နှင့် IT ကုမ္ပဏီ ၂၁ ခုတို့မှ ပါဝင်ပြသလျက်ရှိပြီး ပြခန်းများတွင် ကျန်းမာရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ e-Commerce၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားအမျိုးအစားများကို ပြသထားကြောင်းသိရသည်။

ထို့ပြင် ပြပွဲသို့ ဝင်ရောက်ပြသသည့် လူငယ်များအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကူးပြောင်းနိုင်ရန်၊ ပြပွဲသို့လာရောက်ကြည့်ရှုကြသူများနှင့် ပြသသူများအကြား နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများရရှိစေရန်နှင့် လူငယ်များ၏ ဆော့ဖ်ဝဲတီထွင်ရေးသားမှုများ၊ ကြိုးစားအားထုတ်မှုများ၊ နည်းပညာအသစ်အဆန်းများကို အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ လေ့လာကြည့်ရှု သုံးစွဲနိုင်စေရန် ရည်ရွယ်ပြသခြင်းဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ပြသထားသည့် မောင်းသူမဲ့လေယာဉ် သုတေသနပြခန်း၌ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## မော်လမြိုင်ခရိုင်အတွင်း မဟာသင်္ကြန်ပွဲတော်အကြိုကာလ၌ မူးခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် မေ ၃**

မွန်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းတင့်၊ ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်အေး၊ အမှတ်(၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(မွန်)မှ ဒုတိယရဲမှူး ငွေရွှေ (ဒုရဲမှူးဦးစီး)နှင့် အမှတ်(၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်)မှ ဒုရဲအုပ် သန်းတင်တို့ ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက်က ကျိုက်မရောမြို့နယ် ကနာလိုကျေးရွာနှင့် ကျွန်းရွာများသို့သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ကျေးရွာနေ ပြည်သူများအား မူးခင်းများမဖြစ်ပွားစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ သင်္ကြန်ကာလမတိုင်မီ မူးခင်း အသိပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၇)**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ



**ရန်ကုန်   မေ   ၃**

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆင်းဗန်ဗု၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ အင်သာစုန်သီရာကူးလ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓာတ်ပုံ)**

ဒုတိယသမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေးနှင့် ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

❖ **ဒုတိယသမ္မတမှ**

၂၀၀၄ ခုနှစ်တွင် အဆိုပါစာရင်းမှ ထုတ်ပယ်နိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် Run Ta Ek အမည်ရှိ သဘာဝအခြေခံ ကျေးရွာတစ်ရွာကိုလည်း မြေဟက်တာ ၁၀၀၀ သီးသန့်ဖော်ထုတ်၍ တည်ထောင်ပေးခဲ့ပြီး လက်မှုပညာနှင့် ရိုးရာအစဉ်အလာကို ဖော်ပြနိုင်ခြင်းကြောင့် ခရီးသွားများစိတ်ဝင်စားမည့် လုပ်ငန်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေးနှင့် လက်မှုပညာဗဟိုပြုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီများ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် အစိမ်းရောင်နယ်မြေစီမံကိန်း၊ မဟာအန်ကောစီမံကိန်း၊ ယဉ်ကျေးမှုများနှင့် နေထိုင်ခြင်းစီမံကိန်း၊ ယဉ်ကျေးမှုဆိုင်ရာများ စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံကိန်းများကိုလည်း ဇုန်(၄)ခုဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းတို့မှာ ဘုရားကျောင်းတည်ရှိရာ နယ်မြေအား ဇုန်(၁)အဖြစ် လည်းကောင်း၊ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းထားသည့်နေရာများအား ဇုန်(၂)အဖြစ် လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အကာအကွယ်ပြုထားသည့် မြေယာရှုခင်းများအား ဇုန်(၃)အဖြစ် လည်းကောင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ မနုဿဗေဒဆိုင်ရာနှင့် သမိုင်းအထောက်အထားဆိုင်ရာ စိတ်ဝင်စားဖွယ်နေရာများအား ဇုန်(၄)အဖြစ် လည်းကောင်း အသီးသီးသတ်မှတ်ထားကြောင်း။

အန်ကောဒေသတစ်ဝိုက်ရှိ သစ်တောများစိမ်းလန်းစိုပြည်ရေး၊ တရားမဝင် သစ်ခုတ်မှုများ ကာကွယ်ရေးတို့ကိုလည်း စီမံကိန်းများချမှတ်၍ တင်းကျပ်စွာ တားမြစ်ခဲ့ကြောင်း၊ ထိုသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် ခရီးသွားများအတွက် ရှေးဟောင်းအမွေအနှစ်လေ့လာရုံသာမက သဘာဝအခြေခံခရီးသွားခြင်းကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ခမာလူမျိုးတို့၏ လူနေမှုနှင့်ယဉ်ကျေးမှုများကိုပါ လေ့လာနိုင်ခြင်းနှင့် လုံခြုံမှုအပြည့်အဝရှိသော ဒေသတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်း၍ ပြန်လည်သုံးသပ် ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ အန်ကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီးတို့က



**ဒုတိယသမ္မတ ဦးညဏ်ထွန်း မဲခေါင်-ဂင်္ဂါရိုးရာအထည်အလိပ်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့တက်ရောက်ခဲ့သည်။

ဒုတိယသမ္မတနှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Bayon ဘုရားကျောင်း၊ Ta Prohm ဘုရားကျောင်းနှင့် မဲခေါင်-ဂင်္ဂါရိုးရာအထည်အလိပ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ဆီယမ်ရိမှ ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံသို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဖိတ်ခေါ်ဆွေးနွေးခြင်းဆောင်ရွက်

**နေပြည်တော်   မေ   ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်ဆွေးနွေးလျက်ရှိသည့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖိတ်ခေါ်ဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖိတ်ခေါ်ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူးဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ယခုလိုအချိန်ပေးပြီး စိတ်ဝင်စားစွာဖြင့် လာရောက်ဆွေးနွေးပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ဆွေးနွေးသည့် ဥပဒေကြမ်းသည် လွန်စွာသိမ်မွေ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့အသံကို အမြဲကြားနာပါကြောင်း၊ တက်ရောက်ဆွေးနွေးပေးသည့် ပုဂ္ဂိုလ်များကလည်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် လွှတ်တော်၏ဥပဒေပြုရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမှာဖြစ်ပါကြောင်း ပြောကြားသည်။

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ ဦးသွေးချွန်၊ ဦးအောင်မြိုင်၊ ဦးအေးပိုင်၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့မှ ဒေါက်တာတင်သိန်းလွင်၊ ဒေါက်တာသာဉာဏ်၊ ဒေါ်စန္ဒာလိုနီး၊ ဒေါက်တာလှထွန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော National NGO Network မှ ဒေါ်နွယ်ဇင်ဝင်း၊ Gender Equality Network မှ ဒေါ်မေစံပယ်ဖြူ၊ Women's Organizations Network မှ ဒေါ်ခင်လေး၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့(ရန်ကုန်)မှ ဒေါ်ဇိုမင်းသန်း၊ Student Christian Movement မှ ဦးထွန်းထွန်းဦး၊ Public Legal Aid Network မှဒေါ်သင်ဇာဦး၊ MDRI မှဒေါက်တာ တင်မောင်သန်းနှင့် Myanmar Peace Centre မှ ဒေါက်တာ အင်ဒရူးတို့က ၎င်းတို့၏ သဘောထားအမြင်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

□□

## သင်္ကြန်နှစ်ဆန်းတွင် ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးခြင်းနှင့် ခွင့်ပြုချက်လျှောက်ထားရန် နှိုးဆော်ခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် မေ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် အများပြည်သူဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ဉပ္ပါတသန္တိစေတီတော်(မာလိနီရေကန်တော်၊ နေပြည်တော်)၊ ကမ္ဘာအေးကုန်းမြေ(မင်္ဂလာကန်တော်ကြီး)၊ ရွှေပြည်သာမြို့နယ်(သာဓုကန်ဘုရား)၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား(သွေးဆေးကန်)၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရားနှင့် ရေချိုငါးဥယျာဉ်(ကန်တော်ကြီး)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရောင်စုံငါးကြင်း၊ငါးတန်၊ ငါးကျည်းစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်အပ်ပါသည်။

၀၆၇-၄၀၈၄၇၆/၄၁၈၅၁၈(ရုံးချုပ်)၊ ၀၉၄၀၁၅၄၅၀၇၇(ရေဆင်း) နေပြည်တော်၊ ၀၉-၄၀၂၅၀၆၁၄၂(လှော်ကား)၊ ၀၉၄၀၀၄၄၄၅၀၅ (လေးဒေါင့်ကန်) ရန်ကုန်၊ ၀၉-၂၀၁၁၈၉၂(သရက်ကုန်း)မန္တလေး

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာ အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံ

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုလွှတ်တော်သို့ မှတ်တမ်းတင်နိုင်ရန်ပေးပို့သည့် ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်အုပ်စုနှင့် ကျေးရွာ ၂ ရွာတိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု ၄ အုပ်စုနှင့် ကျေးရွာ ၃၁ ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု တစ်အုပ်စုကို အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် နမ္မတီးကျေးရွာအုပ်စုကို ရပ်ကွက် ၄ ရပ်ကွက်ပါဝင်သော နမ္မတီးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း၊ ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် ကျေးရွာ ၁၂ ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာတစ်ရွာ ပယ်ဖျက်ခြင်းနှင့် ဟားခါးမြို့နယ်တွင် ကျေးရွာ ၈ ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာတစ်ရွာ ပယ်ဖျက်ခြင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင်ကို ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ရေဦးမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားရာမှ ရွှေဘို၊ ဝက်လက်၊ ခင်ဦးနှင့် ဒီပဲယင်း မြို့နယ် ၄ မြို့နယ်ကို ရွှေဘိုခရိုင်ဟူ၍လည်းကောင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ရေဦးမြို့နယ် ၄ မြို့နယ်ကို ကန့်ဘလူခရိုင်ဟူ၍လည်းကောင်း ခရိုင် ၂ ခရိုင်အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာအုပ်စုအတွင်း ရန်ကင်းတောင်ကျေးရွာတစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စုအား ရပ်ကွက် ၂ ရပ်ကွက်ပါဝင်သော ပိန်းဇလုပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း။

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဆင်ဖြူကျွန်းမြို့၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တွင် ကမ္မမြို့နှင့် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ကျောမြို့တို့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ထွန်းသာကျေးရွာအုပ်စုမှ သမုန်းကိုင်းကျေးရွာနှင့် လက်ပံသာကျေးရွာအုပ်စုမှ မြောက်ကျွန်းကျေးရွာတို့ကို ပယ်ဖျက်ခြင်းနှင့် တောင်သာမြို့နယ် ခြုံကြီးကျေးရွာအုပ်စုကို သာယာကြီးကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ နွားပြင်းကျေးရွာအုပ်စုကို နန်းမြင့်ကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ရုံးစဉ်ကြီးကျေးရွာအုပ်စုကို ရုံးစည်ကြီးကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ကန်ပေါက်ကျေးရွာအုပ်စုကို ကန်သာယာကျေးရွာအုပ်စုနှင့် လိပ်ကုန်းကျေးရွာအုပ်စုကို သာယာအေးကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဖောင်စိန်ကျေးရွာအုပ်စု၏ မူလ မြေဧရိယာ ၁၂၂၇၂ ဧကအနက် ၉၄၂ ဧကကို ဖောင်စိန်ရပ်ကွက်အဖြစ် ပြင်ဆင်ဖွဲ့စည်း၍ ကျန်ဧက ၁၁၃၃၀ ကို ဝဲကလီကျေးရွာအုပ်စု ဝဲကလီကျေးရွာအတွင်းသို့ ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်းရှိ ကျွန်းသာယာကျေးရွာအုပ်စုကို ကျွန်းသာယာကျေးရွာအုပ်စုနှင့် ငပသုန်ကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းက ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်း အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုဆောင်ရွက်ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှု ဖြစ်ပါကြောင်းနှင့် ငြိမ်းချမ်းရေးသည် ပြည်သူများ၏လိုလားချက်၊ ဆန္ဒနှင့်မျှော်လင့်ချက်များ ဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိရန် ပါဝင်ဆောင်ကြဉ်းပေးကြသူများအားလုံးကိုလည်း ပြည်သူများအနေဖြင့် ကြိုဆိုထောက်ခံကြမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်ရန်ရောက်ရှိလာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား မြန်မာကွန်ဗင်းရှင်းဗဟိုဌာနတွင် ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး "ယနေ့မိမိတို့ တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့် လိုလားတောင့်တမှုများမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများ အမျိုးမျိုးရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုသော သဘောထားမှာ အဖွဲ့အစည်းအသီးသီးတွင်ရှိနေသော တူညီသည့်အချက်ဖြစ်ကြောင်း" ပြောကြားခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ပါကြောင်း။

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့၏ ထုတ်ပြန်ကြေညာချက်များကို ကြည့်ခြင်းအားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၏ အရေးပါမှုကို တွေ့ရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ဆောလျင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများ အချိန်တိုကာလအတွင်း အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ အောင်မြင်ရန် ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့အပြင် နိုင်ငံသားအားလုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ **"ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာ အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံပါကြောင်းနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်း အားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း"**အရေးကြီးအဆိုကို တင်သွင်းရာ လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကျင်းပစဉ်။(သတင်းစဉ်)

## ဘိုးအင်းလေယာဉ် ၁၀ စင်းငှားရမ်းပြီး ပြည်တွင်းပြည်ပခရီးစဉ်များ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၃**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အနေဖြင့် Boeing 737- 800 Max လေးစင်းနှင့် Boeing 737- 800 NG ခြောက်စင်း ငှားရမ်းထားပြီး ပြည်တွင်းခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးစဉ်များ တိုးမြှင့်ပြေးဆွဲရန်အတွက် Boeing လေယာဉ်များကို GECAS ကုမ္ပဏီမှ ငှားရမ်းထားရာ လာမည့် ဇွန်လတွင် ပထမလေယာဉ်သစ် Boeing ကုမ္ပဏီတွင် သွားရောက်လက်ခံရယူမည် ဖြစ်ပြီး အောက်တိုဘာလတွင် ဒုတိယတစ်စင်း ထပ်မံလက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ လေယာဉ်သစ်များ လက်ခံရရှိရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မလေးရှားနိုင်ငံတွင် မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် Langkawi International Maritime and Aerospace Exhibition သို့ တက်ရောက်ခဲ့ရာမှ Boeing လေယာဉ်ထုတ်လုပ်ရေးပြခန်းသို့ သွားရောက်လေ့လာဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းခရီးစဉ်များကိုသာ ပြေးဆွဲနေရာမှ လေယာဉ်သစ်များ ရောက်ရှိပါက ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။ မြန်မာအမျိုးသား လေကြောင်းလိုင်းအနေဖြင့် ပြည်ပခရီးစဉ်များကို ပြေးဆွဲရာတွင် ပြည်တွင်းမှ ပြည်ပသို့ အသွားများသည့် ခရီးစဉ်များကို ပြေးဆွဲသွားမည်ဟု သိရသည်။ လက်ရှိတွင်လည်း ဧပြီ ၁ ရက်မှ စတင်ကာ လေယာဉ်လက်မှတ်များကို အွန်လိုင်းမှ တစ်ဆင့် မှာယူနိုင်ပြီး လေယာဉ်လက်မှတ်များအတွက် ငွေပေးချေမှုကို MPU(Myanmar Payment Union) , VISA နှင့် MASTER Cards များအသုံးပြု၍ လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်ဟု သိရသည်။

**(၀၀၁)**

**○ အင်ဒိုနီးရှားနိုင်ငံမှ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့စေလွှတ်နိုင်ရေးအတွက် မြန်မာသံရုံးမှ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လူကုန်ကူးခံရသော ငါးဖမ်းလုပ်သားများအား မြန်မာနိုင်ငံသားမှန်ကန်ကြောင်း စိစစ်အတည်ပြုပြီးပါက သက်သေခံလက်မှတ် C of I ထုတ်ပေးကာ မြန်မာနိုင်ငံသို့ ဆောလျင်စွာပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာသံအမတ်ကြီးနှင့် IOM အဖွဲ့အကြီးအကဲတို့ တွေ့ဆုံဆွေးနွေးပြီးနောက် အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ IOM အဖွဲ့နှင့် မြန်မာသံရုံးဝန်ထမ်းများသည် ရေလုပ်သားများကို ထိန်းသိမ်းထားသည့် ကျွန်းများသို့ ဧပြီ ၆ ရက်တွင် သွားရောက်၍ မြန်မာနိုင်ငံသားများအား စိစစ်ရန်နှင့် လူဦးရေစာရင်းကောက်ယူရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန (ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်) အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မွေးမြူရေးဌာနသည် (ယခင် မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်) ခြံ/စက်ရုံတာဝန်ခံများနှင့် ပြင်ပလုပ်ငန်းရှင်များအကြား သဘောတူစာချုပ်ချုပ်ဆို၍ ကြိုတင်ငွေများထုတ်ပေးထားခြင်း၊ ငါးစာများ၊ တိရစ္ဆာန်များ အကြွေးရောင်းချခဲ့ခြင်းအတွက် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကြွေးကျန်ငွေများ ပြန်လည်ရရှိရေးအတွက် စုစုပေါင်း(၆၃)မှုအား တရားမကြောင်းအရ တရားစွဲဆိုရေး ဆောင်ရွက်နေရာမှ ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားစွဲဆိုရေးဆောင်ရွက်လျက်ရှိသော အမှု(၆၃)မှုတွင် ဒညင်းကုန်းအစာစက်စက်ရုံသို့ ငါးစာအကြွေးပေးသွင်းရန်ရှိသော လုပ်ငန်းရှင် ဦးစန်းဝင်း ကြွေးကျန်ငွေကျပ်(၁၃၀)သန်း၊ ဦးစောသိန်း ကြွေးကျန်ငွေကျပ်(၉. ၇၂၅)သန်း၊ ဦးမြင့်ကျော် ကြွေးကျန်ငွေကျပ်(၂၄. ၇၆၄)သန်းနှင့် ဦးမင်းဇော်ဦး ကြွေးကျန်ငွေကျပ်(၁၉. ၂၉၀)သန်းတို့မှာ အကြွေးအပြေအကျေ ပေးသွင်းပြီးဖြစ်၍ အမှုပိတ်သိမ်းရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ အကြွေးအပြေအကျေ ပေးသွင်းရန် ကျန်ရှိသည့် အမှု(၅၉)မှုအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ-၃ အရ ဆက်လက်တရားစွဲဆိုသွားမည် ဖြစ်ပါသည်။

(ခ) ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံး လုပ်နည်းနှင့် အညီ သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြွေးပေးသွင်းရန် ပျက်ကွက်သည့် ကြွေးကျန်လုပ်ငန်းရှင်များအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် သမိုင်းအတွင်းက သမိုင်းဝင်နေ့ရက်တစ်ရက်

ခင်မောင်ထွေး

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အတည်ပြုချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်သည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် သမိုင်းတွင် သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ခဲ့သည်။

“ဒီနေ့ကတော့ မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါ။ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင်မကပါဘူး။ အလင်းတန်းတွေပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ ပြောလို့ရပါပြီ။ မကြာခင် ငြိမ်းချမ်းရေးရဖို့လည်း အားလုံးဝိုင်းပြီး ဆုတောင်းပေးကြပါ”ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အခမ်းအနားအပြီး မီဒီယာများနှင့်တွေ့ဆုံစဉ် မိန့်ကြားသွားခဲ့သည်။

“မြန်မာ့သမိုင်းမှာ ပဋိပက္ခတွေစပြီး ဖြစ်ကတည်းက ငြိမ်းချမ်းရေးရရှိနိုင်ဖို့အတွက် အစိုးရအဆက်ဆက်က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့ကြတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တာဝန်ယူပြီး ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုကတော့ အရင်တုန်းက ဆောင်ရွက်ခဲ့ပုံနဲ့ ချည်းကပ်ပုံ ချည်းကပ်နည်းလည်းကွာခြားတယ်။ နောက်တစ်ခါ ပါဝင်တဲ့အရေအတွက်လည်း အလွန်များတယ်။ အမျိုးမျိုးသောအဖွဲ့အစည်းတွေကစုစည်းပြီး ဒီလိုမျိုးသဘောတူနိုင်တဲ့အတွက် ဒီမှာပါဝင်ခဲ့တဲ့ အောက်ခြေက အထောက်အကူပြုဝန်ထမ်းကနေစပြီး အဆုံးအဖြတ်ပေးတဲ့ခေါင်းဆောင်တွေအားလုံးဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးသူရဲကောင်းတွေပါလို့ ကျွန်တော်ပြောချင်ပါတယ်” ဟူသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၏ မီဒီယာများနှင့်တွေ့ဆုံစဉ် သုံးသပ်ပြောကြားမှုကလည်း ပြည်တွင်းစစ်မီးလျှံ၏ အတိတ်သမိုင်းကို ပြန်ပြောင်းမြင်ယောင်စေသည်။

အငြိမ်းစားနိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က “လွတ်လပ်ရေးရပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ကြပြီဆိုကာမှ နိုင်ငံရေးဝါဒစွဲ၊ လူမျိုးရေးစိတ်ဝမ်းကွဲမှုသံသယတွေနဲ့ တိုက်လိုက်ခိုက်လိုက်ကြ၊ ဖျက်ဆီးလိုက်ကြနှင့် ကိုယ့်ပြည်ထောင်စုသား တိုင်းရင်းသားတွေသာ နာရသည်။ ဘာအကျိုးကျေးဇူးမှလည်း မရ၊ ဟိုတုန်းက သုံးခဲ့ကြရသော အင်အားတွေကိုသာ အဖျက်ဘက်သို့ မပို့မူဘဲ အပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ညီညီညွတ်ညွတ်နှင့် သုံးစွဲလိုက်ကြရလျှင် ယခုလောက်ဆို တိုင်းရင်းသားတိုင်း ကမ္ဘာ့အဆင့်မြင့် လူနေမှုအဆင့်ထက် မနိမ့်ကျသောဘဝတွင် စိတ်ချမ်းသာစွာနေနိုင်ကြရော့မည်။

သို့ရာတွင် နောက်မကျသေး။ ဤစာအုပ်ပါ မုန်တိုင်းထန်သောနှစ်များမှ အတွေ့အကြုံသင်ခန်းစာများကို သတိမူရင်း ရှေ့သို့ ကျွန်တော်တို့ တိုင်းရင်းသားများအတူလက်တွဲ၍ ညီညီညာညာ ပြည်ထောင်စုကို ထူထောင်ရာလမ်းပေါ်၌ လျှောက်ကြလျှင် လိုရာပန်းတိုင်သို့ ရောက်ရမည်မုချ။ စာရေးသူနှင့် ရဲဘော်များ မုန်တိုင်းကိုမမှု အန်တုခဲ့ကြသလို ယခုခေတ်ပြည်ထောင်စုသား တိုင်းရင်းသားများကလည်း တွေ့ကြုံရမည့်အခက်အခဲ၊ ပြဿနာများကိုမမှု အန်တု၍ အနိုင်ယူကြဖို့သာရှိသည်”ဟု မြဝတီပုံနှိပ်တိုက်၏ ၁၉၉၄ ခုနှစ် မတ်လထုတ် မိုးမိုးတာရောစန်၏ “မုန်တိုင်းကို မမှု အန်တုလေသော်” စာအုပ်အမှာစာတွင် အတိတ်ဟောင်းကို ပြန်ပြောင်းဆင်ခြင် သင်ခန်းစာယူစရာအဖြစ် ရေးသားဖော်ပြခဲ့ဖူးသည်။

“လွတ်လပ်စ တိုင်းပြည်တိုင်းသည် လွတ်လပ်ရေး သူငယ်နာရောဂါကို ခံရစမြဲဖြစ်ကြသည်ကို သမိုင်းအဆက်ဆက် အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းခေတ်တွင် တွေ့ရှိကြရမည်ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည်ကမူ လွတ်လပ်ရေးသန္ဓေတည်သည်ကပင်စတင်၍ ရောဂါမျိုးစုံ စွဲကပ်ပါလာခဲ့ဟန် တူရှာသည်။ မွေးပြီဟော့ဆိုသည်နှင့်ပင် ငွေ့ငွေ့ကလေးမျှသာ ပါလာသော အသက်ကိုလုနေကြရပါပြီ။ ကွန်မြူနစ်တို့က တောခိုကြသည်။ ဤသည်ပင် မွေးကင်းစ ရက်သားကလေး၏ အင်အားကို ချည့်နဲ့စေခဲ့သည်။ ထိုသို့ အင်အားချည့်သည်နှင့်တစ်ပြိုင်နက် အခြားခြားသော ရောဂါတို့သည် စုပြုံဝင်ရောက်လာကြပါတော့သည်။

ကွန်မြူနစ်တို့အပေါ်တွင် သံယောဇဉ်ငြိတွယ်လျက်ရှိသော ပြည်သူ့ရဲဘော်များသည် မတည်ငြိမ်ဖြစ်လာခဲ့ကြသည်။ ထိုအခါ မုန်တိုင်း၏နောက်ဆွယ်တွင် ဒီရေလှိုင်းတံပိုးတို့သည် ကပ်ကာပါလာတတ်သည့်အလား ကရင်အမျိုးသား သမဂ္ဂ(ကေအင်န်ယူ)နှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (ကေအင်န်ဒီအို) တို့သည်လည်း လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ထိုအညီတို့တွင် ပြည်ပယင်ကောင်တို့သည်လည်း အုံခဲ့ကြပါပြီ။ သည်လိုဆိုရင်ဖြင့် မွေးကင်းစထိုကလေးကို ဘယ်လို ကုစားကြရပါ့မလဲ။ ဆေးကောင်းဝါးကောင်း တစ်လက်ကိုတော့ဖြင့် အရေးတကြီးရှာဖွေကြပါတော့မည်” ဟူ၍ ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်က “တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန်”စာအုပ်တွင် ပြည်တွင်းစစ်၏မုန်တိုင်းအစကို သို့ကလို သုံးသပ်ဖော်ပြခဲ့ပြန်ပါသည်။

> **ပစ္စက္ခမြန်မာ့ငြိမ်းချမ်းရေး မိုးလေဝသအခြေအနေနှင့်အတူ သမိုင်း၏အလှည့်အပြောင်းအရဖြစ်တည်လာသော ဤငြိမ်းချမ်းရေး မျှော်လင့်ချက် အလင်းတန်းသည် နှစ်ပေါင်း(၆၀)ကျော်ကြာမြင့်ခဲ့သော မြန်မာ့သမိုင်း၏ မှောင်မိုက်သောနေ့ရက်များကို အပြီးတိုင်ချုပ်ငြိမ်းစေပါလိမ့်မည်။**

တစ်ဖန်“ထိုပြည်တွင်းစစ်ကြောင့် တိုင်းပြည်တွင် အလဟဿ နစ်နာဆုံးရှုံးမှုတို့ကတော့ တွက်ချင့်နိုင်စွမ်းမရှိတော့သော လူမျိုးတစ်မျိုး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ၊ ဂုဏ်သရေနှင့် လူနေမှုအဆင့်အတန်းတို့အပြင် တွက်ချင့်၍ရသမျှ အမေရိကန်စာရေးဆရာကြီး ရစ်ချက်ဘတ်ဝဲလ်၏ အဆိုအတိုင်းမူ. . .

၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းတို့ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ ပြည်သူပြည်သား နှစ်သောင်းနှစ်ထောင်နှင့် အစိုးရဘက်မှ စစ်ဘက်၊ နယ်ဘက်အမှုထမ်းပေါင်း ငါးထောင့်ခုနစ်ရာတို့ အသက်ဆုံးရှုံးကြရသည်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာငါးသန်း၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်းတန်ဖိုး ဒေါ်လာကိုးဆယ့်ငါးသန်း ဆုံးရှုံးခဲ့ကြရသည်ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်”ဟူ၍ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်က ၎င်း၏“မုန်တိုင်းလွန်သော်”စာအုပ်တွင် စစ်၏အနိဋ္ဌာရုံများနှင့် ဆုံးရှုံးမှုများကို ဖော်ပြခဲ့ပြန်ပါသည်။

၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် “မြန်မာ့ငြိမ်းချမ်းရေးသမိုင်းတစ်ခေတ် ဆန်းသစ်သောနေ့ထူးနေ့မြတ်တစ်နေ့” ယခု သဘောတူညီချက်သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု ဧပြီလအတွင်း NCA လက်မှတ်ရေးထိုးနိုင်ရေး ကျွန်တော်တို့ သေချာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

“NCA လက်မှတ်ရေးထိုးပြီးသည်နှင့် Political Dialogue အတွက် တံခါးပေါက်ပွင့်သွားပြီ ဖြစ်ပါကြောင်း၊ ကြားကာလအတွင်းတွေ့ကြုံရမည့် အခက်အခဲနှင့် ပြဿနာများကို နှက်ဖက်ညှိနှိုင်းကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အားလုံးသည် မြန်မာ့ငြိမ်းချမ်းရေး၏သမိုင်းကို ဖန်တီးဖော်ဆောင်ပေးသူများဖြစ်သည့်အပြင် တည်ဆောက်ပေးသူများအဖြစ်လည်း မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ကျန်ရှိခဲ့မည့်သူများဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှု၊ တစ်နည်းအားဖြင့် “ဒုတိယပင်လုံ၏ အောင်ပွဲ”အဖြစ် ပြောစမှတ်ပြုကြမည်ဖြစ်ပါကြောင်း” ဖြင့် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုချက်အား လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ပြောကြားခဲ့ပေသည်။ နိုင်ငံတော်သမ္မတ၏ ပြောကြားမှုကား ရိုးသားဖြူစင်သည်။ စေတနာပါသည်။ အဓိပ္ပာယ်ကား လေးနက်လှသည်။

သို့ဖြင့် ပစ္စက္ခမြန်မာ့ငြိမ်းချမ်းရေး မိုးလေဝသအခြေအနေနှင့်အတူ သမိုင်း၏ အလှည့်အပြောင်းအရဖြစ်တည်လာသော ဤငြိမ်းချမ်းရေး မျှော်လင့်ချက်အလင်းတန်းသည် နှစ်ပေါင်း(၆၀)ကျော်ကြာမြင့်ခဲ့သော မြန်မာ့သမိုင်း၏ မှောင်မိုက်သောနေ့ရက်များကို အပြီးတိုင် ချုပ်ငြိမ်းစေပါလိမ့်မည်။ ငြိမ်းချမ်းရေးမီးရှူးတိုင်ကို ထွန်းညှိ၍ မြန်မာ့ငြိမ်းချမ်းရေးသမိုင်းသစ်ကို ဆက်လက်ရေးထိုးနိုင်ပေလိမ့်မည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာ ရှိသည်ဟူသော ဤမှန်သော ထာဝရသစ္စာစကားနှင့်အညီ ဤသို့ ကျွန်တော်ယုံကြည်မိပါသည်။ ။

## တိုင်းရင်းသားပေါင်းစုံတို့၊ တိုင်းတုန်အောင်နွဲ

- မိမြန်မာ
  သည်းချာကွဲ့ရင်သွေး။
  တို့မိမြေ ခွန့်ရှည်ရေး(ကို)
  (အိုကွယ်) စဉ်တွေးစို့လေး။
- ရင်နီးချစ်ကြည်
  အာဇာနည်လူမျိုး။
  ဘာမထီစိတ်ဓာတ်နဲ့
  ကြီးမြတ်အုပ်စိုး။
- သွေးစည်းမယ်နော်
  ညီနောင်သော်မခွဲ။
  ဘယ်သူခွဲခွဲ တို့မကွဲ
  (အိုကွယ်) တွဲလက်ခိုင်မြဲ။
- မွန်မြတ်မေတ္တာ
  ချစ်သဒ္ဓါခိုင်မြဲ
  မြတ်သစ္စာ တည်ဆောက်လို့
  ကုန်းတောက်ယှဉ်တွဲ။
- ချစ်ချင်းငယ်ပြိုင်
  ချစ်မဏ္ဍိုင်စိုက်ပျိုး။
  တို့ညီနောင်သွေးရင်းတို့
  ရိုင်းပင်းသယ်ပိုး။
- သစ္စာတူပြိုင်
  ချစ်မဏ္ဍိုင်ခိုင်မြဲ။
  တိုင်းရင်းသားသွေးရင်းတို့
  ရိုင်းပင်းလက်တွဲ။
- အပြစ်မမြင်
  ချစ်ခင်ကွဲ့မြတ်နိုး။
  ဆွေးနွေးညှိနှိုင်းစို့
  တိုင်းပြည်အကျိုး။
- မုန်းစိတ်ကိုပယ်
  မျက်မာန်စွဲ ဖယ်ရှား။
  မိနိုင်ငံရင်မှာသားတွေ
  အသွေးအသားပါလား။
- မိမြန်ပြည်
  သာယာသည်အနှံ့။
  အေးအတူ ပူအမျှ
  (အိုကွယ်)ချမ်းမြသင်းပျံ့။
- မြေပြန့်တောင်ပေါ်
  ညီနောင်တော်ကြိုးပမ်း။
  ခေတ်မီနိုင်ငံသစ်ကို
  (အိုကွယ်) ဖွင့်လှစ်လျှောက်လှမ်း။
- ခေတ်မီဖို့ရေး
  ဝင်းပလျှံ အောင်ပွဲ။
  တိုင်းရင်းသားပေါင်းစုံတို့
  (အိုကွယ်)တိုင်းတုန်အောင်နွဲ။
- ငြိမ်းချမ်းစို့နော်
  ကမ္ဘာကျော် အောင်နွဲ။
  ခေတ်မီနိုင်ငံသစ်ကို
  (အိုကွယ်)ဖွင့်လှစ်ယှဉ်တွဲ။
- သာယာရွှေပြည်
  ညီညာစွာတည်ဆောက်။
  တိုင်းရင်းသားညီနောင်ဖွားတို့
  ဝင့်ကြွားကာမောက်။
- ငြိမ်းချမ်းပန်းတွေ
  ပွင့်ပါစေ ပြည်အနှံ့။
  မေတ္တာတွေ လေဟုန်စီးဟယ်
  ထိန်ညီးသင်းပျံ့။
- ပြည်ထောင်စုနော်
  ကမ္ဘာကျော် တုန်ဟည်း။
  အောင်ဇေယျာ၏ အတိတ်နဲ့
  အောင်ဟိတ်ကမ္ပည်း။ ။

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သရက်အကျဉ်းထောင်နှင့် မြို့မရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး

သရက် ဧပြီ ၃

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းသည် သရက်ခရိုင် တရားသူကြီး ဒေါ်ညိုမိစံ၊ ဒုတိယဦးစီးမှူး ဒေါ်သူဇာလှိုင်၊ သရက်မြို့နယ် တရားသူကြီး ဒေါ်ခင်ဝင်းမေနှင့် ဒုတိယမြို့နယ် တရားသူကြီး ဦးအောင်နိုင်မိုးတို့နှင့်အတူ ယမန်နေ့ နံနက် ၉ နာရီက သရက်အကျဉ်းထောင်နှင့် သရက်မြို့မရဲစခန်း အချုပ်ခန်းတို့ကို စစ်ဆေးခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်တရားခံများကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိမှု ရှိ/မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ/မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ/မရှိ စသည်တို့ကို ပြစ်ဒဏ်ကျတရားခံများ၊ အချုပ်တရားခံများနှင့် တွေ့ဆုံမေးမြန်းကာ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းသည် သရက်ခရိုင်တရားရုံး၊ သရက်မြို့နယ်တရားရုံး၊ အောင်လံမြို့နယ်တရားရုံးနှင့် အောင်လံမြို့မ အချုပ်စခန်းတို့ကိုပါ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဗဲ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ခရီးသည်ပိုမိုတိုးတက်ရရှိပါက ခရီးစဉ်များတိုးချဲ့ပျံသန်းပြေးဆွဲသွားမည်

**နေပြည်တော် မေ ၃**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းက **ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ်ပေးသည့် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်းတံတားများ၊ အဆောက်အအုံများကို ပြည်နယ်အစိုးရထံ လွှဲအပ်ပြီးတင်ဒါစနစ်ဖြင့် လုပ်ကိုင်စေသော လုပ်ငန်းများ**နှင့် စပ်လျဉ်း၍မေးမြန်းရာ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြည်နယ်/ခရိုင်/မြို့နယ် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီများမှ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများတွင်လည်းကောင်း ကြော်ငြာ၍ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ဒါခေါ်ယူမှုအပေါ် တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများ၏ Profile Estimate အသေးစိတ်တွက်ချက်မှုများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ကုမ္ပဏီတစ်ခုချင်းအလိုက် အသေးစိတ်စိစစ်ပြီးအမှန်တကယ်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသည့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ အဆင့်ဆင့်ဖြင့် ရွေးချယ်ဆောင်ရွက်သည့်အပြင် တင်ဒါလုပ်ငန်းအပ်နှံသူ/လုပ်ကိုင်သူများ ပြဿနာမဖြစ်ပွားစေရန် ပြည်နယ်/ခရိုင်၊ မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုနှင့် အရည်အသွေးစိစစ်ရေးကော်မတီများမှ ကြီးကြပ်စစ်ဆေးရေးများဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် စာချုပ်ချုပ်ဆိုဆောင်ရွက်ရာတွင် စာချုပ်ပါအချက်အလက်များကိုတင်ဒါအောင်မြင်သည့် ကုမ္ပဏီများသို့လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများထံသို့ လည်းကောင်းပေးပို့ထားပြီးဖြစ်ပါသဖြင့် ဒေသခံပြည်သူများအနေဖြင့် စာချုပ်ပါအချက်အလက်များကို


ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း။


ဒုတိယဝန်ကြီး ဦးအောင်သိမ်း။

သိရှိလိုပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများထံ၌ လည်းကောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် ဆက်သွယ်တောင်းယူရရှိနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၏ **မော်လမြိုင်လေယာဉ်ကွင်းကို အဆင့်မြှင့်တင်ပြီးတစ်ပတ်လျှင် အထူးလေယာဉ်ပျံများ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် ပြေးဆွဲနိုင်ရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မော်လမြိုင်ဌာနခွဲ၏ ခရီးသည်ရရှိမှုအခြေအနေအရ စီးပွားရေးတွက်ခြေကိုက်မှုမရှိသည့်အတွက် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် မော်လမြိုင်ဌာနခွဲသို့ တစ်ပတ်လျှင် တစ်ကြိမ်သာ ပုံမှန်ပျံသန်းပြေးဆွဲသွားနိုင်မည်ဖြစ်ပြီး ခရီးသည်ပိုမိုတိုးတက်ရရှိပါက ခရီးစဉ်များတိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပါကြောင်း။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လေယာဉ်ခရီးစဉ်များပျံသန်းပြေးဆွဲလျက်ရှိသော ပြည်တွင်းလေဆိပ်များတွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများသို့ Register of Interest (ROI) ခေါ်ယူထားခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ စိတ်ဝင်စားမှုရှိသည့် လေဆိပ်များအလိုက် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်မြင်သောတင်ဒါရှင်နှင့် ညှိနှိုင်း၍ မော်လမြိုင်လေဆိပ်ရေးဆွဲထားသည့် Master Plan အတိုင်း လေဆိပ်အဆင့်မြှင့်တင်ခြင်း၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေဆိပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဇင်ယော်ကသထုံမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရလွယ်ကူသည့် အနေအထားတွင်ရှိပါကြောင်း၊ အနာဂတ်ကာလတွင် လေကြောင်းသွားလာမှုများ ပိုမိုထွန်းကားလာပြီး လေယာဉ်ငယ်များပျံသန်းအသုံးပြုရန် လိုအပ်လာသည့်အချိန်တွင် သထုံလေယာဉ်ကွင်းကို တိုးချဲ့တည်ဆောက်ပြီး လေယာဉ်များဆင်းသက်ပျံသန်းနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် လေယာဉ်များဆင်းသက်ပျံသန်းရန် မဖြစ်နိုင်သေးသော်လည်း လိုအပ်သည့်အချိန်တွင် မြန်ဆန်အသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ ထိန်းသိမ်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **မွန်ပြည်နယ် သထုံမြို့နယ်ရှိ လေယာဉ်ကွင်းကြီးအား ပြန်လည်ပြုပြင်ပြီး လေယာဉ်ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းအပေါ်တွင်လည်း ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု

**နေပြည်တော် မေ ၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၄၀)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင် (၃၀၀)ဆံ့ စံကိုက်အထွေထွေရောဂါကုဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပခုက္ကူမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တစ်ရက် ပျမ်းမျှဆေးရုံတက်လူနာဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၅၀ ဒသမ ၇ ဦးရှိပြီး ဆေးရုံခုတင်အသုံးချမှုရာခိုင်နှုန်းမှာ ၂၀၁၄ ခုနှစ်တွင် ၇၆ ဒသမ ၇ သာရှိသဖြင့် ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဇန်နဝါရီလဖြင့် အသီးသီးထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံ စံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နှင့်**


မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး။

**ပြည်တွင်း ပြည်ပ ကုမ္ပဏီတချို့တို့မှ ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions)အတွက် လိုအပ်သလိုအတွဲများ(Volumes)ခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးအတွက် ထုတ်ဝေမည့် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ လိုအပ်သလိုအတွဲများခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပညာရှင်များ၏ အကြံပြုချက်များရယူခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် စံနှုန်းများကောက်ယူခြင်း၊ ပြန်လည်စိစစ်ခြင်းကိစ္စရပ်များကို အဆင့်လိုက်ဆောင်ရွက်ပြီး ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ယခင်ထုတ်ဝေပြီး လုပ်ငန်းအခြေခံစံနှုန်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှအစပြု၍ ရေးဆွဲခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပြီး အချိန်(၅)နှစ်ခန့် ကြာခဲ့ပါကြောင်း၊ ယခုရေးဆွဲမှုကို အချိန်အားဖြင့် ၂ နှစ်ခန့်ကြာမြင့်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော၏ **မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်းထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သောလုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် အဆောက်အအုံနှင့်ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားချေးငွေအကူအညီဖြစ်သည့် JICA၊ ADB ချေးငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးကြပ်မတ်ရန်အတွက် နိုင်ငံခြား Consultant Team များ ငှားရမ်းဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။


ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်၏ **နှစ်စဉ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသအတွင်းရှိ ဒေသခံအများပိုင်ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခွင့်ရရှိမည့် နည်းလမ်းများ၊ အစီအမံများအား သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒေသအတွင်းရှိ ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လိုပါက တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လုပ်ငန်းတင်ဒါအောင်မြင်ပါက ရန်ပုံငွေ၏ ၅ ရာခိုင်နှုန်းကို လုပ်ငန်းအာမခံငွေအဖြစ် ဘဏ်တွင် အပ်နှံစေပြီး နှစ်ဦးနှစ်ဖက် တင်ဒါစာချုပ်ချုပ်ဆို ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းတစ်ဆင့်ချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(၄)ဖွဲ့မှ အဖွဲ့ဝင်များ၊ ကျွမ်းကျင်သူအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးသတ်မှတ်အရည်အသွေးပြည့်မီမှသာ ဆက်လက်ဆောင်ရွက်စေခြင်းနှင့် ငွေပေးချေခြင်းများကို ဆောင်ရွက်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**ကို ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး

သတင်းထုတ်ပြန်ချက် (၄/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အပေါ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-Making Work Committee-UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team - NCCT) တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ ထိုသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာ အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံပါကြောင်းနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ထုတ်ပြန်ကြေညာပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်
# Federal Democracy Alliance (FDA) ၏
# သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း) **(NCA)** "ကို နှစ်ဖက်သဘောတူညှိနှိုင်းတိုင်ပင်ပြီး လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းသိရှိရသည့်အတွက် **ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် Federal Democracy Alliance(FDA)** အဖွဲ့ဝင်ပါတီများက ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်းနှင့် ငြိမ်းချမ်းရေးကို အပြီးတိုင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် Federal Democracy Alliance (FDA) အဖွဲ့ဝင်ပါတီများ**

**[ဗမာပြည်သူ့ပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ မြို ခါမီပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ ပြည်ထောင်စု ဒီမိုကရေစီပါတီ၊ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ။]**



# မိုယ်းကောင်းမြို့ဦးစေတီတော်နှင့် အာယုပုညစေတီတော် ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ရှိ ဂိုဏ်းထောက်ကျောင်းတိုက် ဝတ္ထုကံတော်တွင် ဉာဏ်တော် ၂၃ တောင်ရှိ မိုယ်းကောင်းမြို့ဦးစေတီတော်နှင့် ဉာဏ်တော် ၂၁ တောင်ရှိ အာယုပုညစေတီတော်တို့အား ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရာရှိ၊ စစ်သည်၊ မိသားစုများ ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက ဆရာတော် သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့ မင်္ဂလာဇေယျံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အလှူရှင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို ပင့်ဆောင်၍ စေတီတော်များကို လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် မိုယ်းကောင်းမြို့ဦးစေတီတော်၌ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အား မင်္ဂလာရထားပျံဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အား မိုယ်းကောင်းမြို့ဦးစေတီတော်မှ တစ်ဆင့် အာယုပုညစေတီတော် ငြမ်းထက်သို့ ပင့်ဆောင်၍ အစီအစဉ်အတိုင်း ဆက်လက်တင်လှူပူဇော်ကြသည်။

အဆိုပါ စေတီတော်များအား စိန်ဖူးတော်တင်လှူပူဇော်ပြီးသောအခါ အရန်စေတီတော်ရှစ်ဆူကို ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများသည် သက်တော် (၉၆) နှစ်ရှိ သက်တော်ရှည် ဂိုဏ်းထောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(မြဝတီ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်းလုပ်ငန်း အမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ၊ ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၃-၄-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး ၃၈ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၃၅ ဦး ပေါင်း လုပ်ငန်းသက်တမ်းတိုး ၇၃ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ၁၂ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူဂျာနယ်ထုတ်ဝေခွင့် ခုနစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ နှစ်ဦး ပေါင်း လုပ်ငန်းအသစ် ၃၁ ဦးတို့အား လည်းကောင်း၊ ထုတ်ဝေလုပ်ငန်းအမည်ပြောင်း တစ်ဦး၊ ထုတ်ဝေသူ အမည်ပြောင်းတစ်ဦး၊ ထုတ်ဝေသူအမည်နှင့် လုပ်ငန်းအမည်ပြောင်းတစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ယခင်စိစစ်ဆဲဖြစ်သော သတင်းအေဂျင်စီအသစ်လျှောက်ထားသူတစ်ဦးကို ယခုအပတ်တွင် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၁၄ ဦးနှင့် အသစ်လျှောက်ထားသူ ၁၅၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၁၇ ဦးနှင့် အသစ်လျှောက်ထားသူ ၃၅၉ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၁၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၃၉၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# စက်သုံးဆီစျေးနှုန်း လျှော့ချရောင်းချခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**

စွမ်းအင်ဝန်ကြီးဌာနမှ ဒေသန္တရ ရေနံချက်လုပ်ခြင်းနှင့် အစိုးရဝန်ကြီးဌာနများသို့ ရောင်းချသော စက်သုံးဆီစျေးနှုန်း လျှော့ချရောင်းချခြင်းဆိုင်ရာ သတင်းထုတ်ပြန်ခြင်းအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) နေပြည်တော်၌ ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်း ဦးဆောင်သော သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်တို့ကို ဖြေကြားခဲ့သည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာသမား ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်မြင်နေသည့် ခေါင်းဆောင်ကောင်းများ၏နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများ များစွာရှိနေသည်ကို တွေ့ရမည်

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၈)သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးကာ **(အောက်ယာပုံ)** ဗိုလ်လောင်းတပ်ခွဲများ၏အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၈)သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၄) ဗိုလ်လောင်း ဖြိုးမင်းဇော်အား ငွေဓားဆု ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်၏ မြန်မာနိုင်ငံသမိုင်းစဉ်တစ်လျှောက် ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိကွပ်ကဲရမည့် စစ်သည်များကို လိုအပ်သည့် လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်ဖို့ (Self Development Training)ကိုလည်း လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်ယူမှုများ၊ လေ့လာမှုများကရရှိသည့် အသိပညာ အတတ်ပညာများကို ကျွမ်းကျင်စွာဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်အောင် "လေ့ကျင့်ရေးသည် စစ်ဆင်ရေး"ဆိုသည့်ဆောင်ပုဒ်အတိုင်း ရဲဘော်တို့သည် လေ့ကျင့်ရေးကို စစ်ဆင်ရေးကဲ့သို့ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ "မီးနာမှသံကောင်းမည်၊ သံကောင်းမှ ဓားထက်မည်"ဆိုသည့် လေ့ကျင့်ရေး ဆောင်ပုဒ်နှင့်အညီ စစ်မြေပြင်တွင်တိုက်ပွဲဝင်အသင့် တပ်ဖွဲ့ဝင်များဖြစ်လာမည်ဖြစ်သည့်အတွက် ရဲဘော်တို့အနေဖြင့် မိမိအပါအဝင် တပ်ဖွဲ့ဝင်များ၏ Professional Skill ပြည့်ဝစေရန် တိုက်စွမ်းရည်ထက်မြက်စေရန် မိမိတပ်ဖွဲ့ကို အမြဲလေ့ကျင့်နေရန် လိုအပ်ကြောင်း။

ရဲဘော်တို့အနေဖြင့် လက်တွေ့တာဝန်ထမ်းဆောင်ကြရာတွင် ခေါင်းဆောင်မှုကောင်းရင် ကောင်းသလိုတပ်ဖွဲ့၏ အောင်မြင်မှုများ၊ တိုးတက်မှုများရရှိလာမည်ဖြစ်ပြီးခေါင်းဆောင်မှုညံ့ဖျင်းလျှင်ဖြင့် မိမိအပါအဝင် ကွပ်ကဲမှုအောက် စစ်သည်များ၏ အသက်ခန္ဓာ၊ ဂုဏ်သိက္ခာ ထိခိုက်ဆုံးရှုံးမှုများနှင့်တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် မိမိတို့တပ်မတော်၏ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်ပြီး အောင်မြင်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

အောင်မြင်နေသည့်ခေါင်းဆောင်ကောင်းများ၏ နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများ များစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်သည် နောက်လိုက်ကောင်းတစ်ဦးဖြစ်ရန်လည်း လိုအပ်သည်ဆိုသည်ကို မမေ့မလျော့လိုက်နာရမည့် အရေးကြီးဆုံးအချက်တစ်ချက်အနေဖြင့် ပါဝင်ကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ဖြစ်ရန် လိုက်နာဆောင်ရွက်ရာတွင် စစ်စည်းကမ်းကောင်းမွန်ရေးသည်လည်း အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ အသက်ခန္ဓာဖြစ်သကဲ့သို့ ကျောရိုးမဏ္ဍိုင်လည်း ဖြစ်ကြောင်း၊ စစ်သည်များကို ဦးဆောင်မည့် ခေါင်းဆောင်ငယ်များအနေဖြင့် စည်းကမ်းအရာတွင် ပိုပြီးစံနမူနာပြဖြစ်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားအားလုံးအနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များ တော်သည် နိုင်ငံတကာတပ်မတော်များ နည်းတူ ကာကွယ်ရေးစွမ်းရည်ပြည့်စုံစေရန်အတွက် လေ့ကျင့်သားပြည့်ဝမှု၊ ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ အသုံးပြုနိုင်မှု၊ လူအင်အားဖြည့်တင်းမှုနှင့် အကျိုးခံစားခွင့်များဖြည့်ဆည်းပေးနိုင်မှု၊ သတင်းအချက်အလက်စုံလင်စွာရရှိနိုင်မှု၊ စစ်ရေးဆိုင်ရာမူဝါဒနှင့်သဘောတရားအယူအဆ မှန်ကန်စွာချမှတ်ကျင့်သုံးနိုင်မှု၊ မှန်ကန်စွာတပ်ဖွဲ့စည်းနိုင်မှု၊ လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံခိုင်မာမှုနှင့် လုံလောက်သော အုပ်ချုပ်ထောက်ပံ့ခြင်းဆောင်ရွက်နိုင်မှုဆိုသည့်အချက်များအားလုံး အပိုင်းလိုက် ဟန်ချက်ညီတိုးတက်နေရန်လိုအပ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်ရေးဆိုင်ရာ စွမ်းရည်မြင့်မားသည့် ခေတ်မီတပ်မတော်တစ်ရပ် ဖွဲ့စည်းတည်ဆောက်သည့်နေရာတွင် **"တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ်စွမ်းရည်ရှိသော တပ်မတော်ဖြစ်အောင် တည်ဆောက်ရာတွင် စစ်ရေးစွမ်းရည်ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစီ၏ စွမ်းရည်တော်ရဲ့ အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေ တစ်လက်မပင် မဆုံးရှုံးရအောင် ခိုင်ခိုင်မာမာထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမယ်"**ဟု မိန့်ကြားထားရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်အနေဖြင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေကို တစ်လက်မမျှအဆုံးရှုံးမခံနိုင်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားနေစေရေးသည်လည်း မဖြစ်မနေ လုပ်ဆောင်ရမည့် အချက်တစ်ချက်အဖြစ် ပါဝင်ပါကြောင်း၊ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဆိုသည့် မြဲသုံးမြဲနှင့်ကို တိကျစွာလိုက်နာကြရကြောင်း၊ တပ်မတော်အရာရှိများဖြစ်ကြသည့် ရဲဘော်တို့အနေဖြင့် စစ်ဘက်နှင့်နယ်ဘက် ဥပဒေများသာမက နိုင်ငံတကာကျင့်ဝတ်စံနှုန်းများကိုပါ သိရှိလိုက်နာကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းတွင် ခေတ်ကာလနှင့်အညီ စွမ်းရည်ပြည့်ဝသည့် တပ်မတော်တစ်ရပ် ထူထောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်ကို ရဲဘော်တို့အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် နိုင်ငံတော် အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းရန် တပ်မတော်ကို စွမ်းရည်ပြည့်ဝသည့်ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိကြောင်း။

ခေတ်မီတပ်မတော်တစ်ရပ်ဖွဲ့စည်းတည်ဆောက်ရာတွင် ကာကွယ်ရေးစွမ်းရည်ပြည့်စုံရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့ တပ်မ **ထက်မြက်ရေး၊ လက်နက်စွမ်းရည်များရှိရေး၊ လေ့ကျင့်သားပြည့်ဝရေးနှင့်စစ်နည်းဗျူဟာကျင့်သုံးပုံ မှန်ကန်မှုရှိစေရေးဆောင်ရွက်ရန်"** ဆိုသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခြေခံလမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်၏ အဓိကအကျဆုံးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ နိုင်ငံတော်၏ ရေထု၊ မြေထု၊ လေထုကို ကာကွယ်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ် ဥပဒေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တို့ပင်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း **"ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံရှင်သန်ရပ်တည်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူများအားလုံးက အလေးထားရမှာဖြစ်သလို နိုင်ငံတော်ကိုကာကွယ်နေသည့် တို့တပ်မတော်ကလည်း နိုင်ငံ** အစဉ်ပြည့်စုံအောင်လည်း စီမံဆောင်ရွက်နေရမည်ဖြစ်သကဲ့သို့ ရဲဘော်တို့အနေဖြင့် အမြင်လေးမြင်ဖြင့်လည်း ပြည့်စုံနေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် စစ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် နိုင်ငံတကာရေးရာ ဗဟုသုတများနှင့်ပါ ပြည့်စုံနေရန် အစဉ်ကြိုးစားဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ ထိုသို့ပြည့်စုံနေမှလည်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

သမိုင်းကြောင်းနှင့် ယှဉ်သော မြန်မာ့တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ နေ့စဉ်ရွတ်ဆိုနေကျ သစ္စာအဓိဋ္ဌာန်လေးချက်နှင့်အညီ တပ်မတော်စတင်သန္ဓေတည်ပေါက်ဖွားခဲ့ချိန်မှ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ အချုပ်အခြာအာဏာနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကိုစွန့်လွှတ်စွန့်စားစိတ်ဖြင့် အသက်ခန္ဓာပေးဆပ်ကာကွယ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် ၎င်းတို့မိသားစုများ၏ သူရဲကောင်းစိတ်ဓာတ်၊မျိုးချစ်စိတ်ဓာတ်များအပေါ် ဆက်လက် သစ္စာစောင့်သိရင်း လက်ဆင့်ကမ်းအမွေအဖြစ် ခံယူစောင့်ထိန်းလိုက်နာပြီး ပေးအပ်သည့်တာဝန်များကိုအောင်မြင်ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ တိုက်စွမ်းရည်ပြည့်ဝသော တပ်ဖွဲ့ဝင်များဖြစ်စေရန်အတွက် လေ့ကျင့်ရေးကို စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားကြရန်၊ မိမိတာဝန်ယူကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တရားမျှတစွာကွပ်ကဲအုပ်ချုပ်သွားကြရန်၊ တပ်မတော်အတွက် အသက်တမျှအရေးကြီးသည့် စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းပြီး စစ်စည်းကမ်းကို တိကျစွာလိုက်နာသွားကြရန်၊ တပ်မတော်၏ အဓိကတာဝန်ကြီး(၃)ရပ်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး၊ စွမ်းရည်(၃)ရပ် ပြည့်စုံရေးတို့အတွက် တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီး(၄)ရပ်နှင့်အညီ တည်ဆောက်သွားကြရန် ကာကွယ်ရေးစွမ်းရည် (Defence Capability)မြင့်မားသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှပါဝင်ဆောင်ရွက်သွားကြရန်၊ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီးနိုင်ငံတော်နှင့်တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရမည့် အနာဂတ်၏ စစ်ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ရိပ်သာညှော်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁/၂၀၁၅)
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ထပ်မံခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအင်ဖော်နော်
(၂) ဦးစိုင်းခမ်းဝင်း
(၃) ဦးစောဘလှိုင်
(၄) ဦးဟာကီး
(၅) ဒေါက်တာမောင်မောင်ကြည်
(၆) ဦးစိုင်းနွံတောင်း
(၇) ဦးစိုင်းထွန်းသိန်း
(၈) ဒေါက်တာစိုင်းစံဝင်း

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒီပွဲကို နိုင်ငံတော်သမ္မတကြီးတက်ရောက်အားပေးပြီး သမီးတို့နဲ့ ရင်းရင်းနှီးနှီးနှုတ်ဆက်တယ်။ ရောက်တုန်း လေ့လာရေးခရီးလည်းပို့ပေးမယ် ပြောသွားတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်

မနွယ်နီအောင်

**နည်းပညာဆာလောင်မှုနောက် တကောက်ကောက်လိုက်နေသည့် ယနေ့ ခေတ်လူငယ်တို့အဖို့ Myanmar Software Showcase ၂၀၁၅ သည် ရေငတ်တုန်းရေတွင်းထဲကျသကဲ့သို့ဖြစ်ခဲ့ရသည်ဟု ဆိုရပေလိမ့်မည်။ ပညာရှင်တို့ အဆိုအမိန့် အရ ကာယလုပ်အားထက် ဉာဏလုပ်အားမှာ ပိုမိုထိရောက်သည်ဆိုသည်ကို ၂၁ရာစု စက်မှုလုပ်ငန်းများက သက်သေပြခဲ့ပြီးဖြစ်သည်။**

၂၁ ရာစု နည်းပညာခေတ်တွင် ယခင်ကလိုမဟုတ်တော့ဘဲ ဉာဏလုပ်အား တစ်နည်းဆိုရသော် နည်းပညာအသုံးပြုသည့် လုပ်အားက ပိုမိုကြောင်းကို နည်းပညာကို အခြေခံသည့် လူသုံးကုန်ပစ္စည်းများ၏ တန်ဖိုးက သက်သေခံခဲ့ပြီးဖြစ်သည်။

ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံများသည် တိုင်းပြည်၏ သဘာဝအရင်းအမြစ်ကို အသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းထက် နည်းပညာကို အခြေခံသည့်တန်ဖိုးမြင့် ပစ္စည်းများထုတ်လုပ်ခြင်းဖြင့် တိုင်းပြည်၏ စီးပွားပိုမို ဖွံ့ဖြိုးတိုးတက်မှုများရရှိနေသည်ကို တွေ့မြင်နေရသည့်အတွက် မိမိတို့နိုင်ငံအဖို့ အသစ်အသစ်သော နည်းပညာများကို ဖော်ထုတ်နိုင်ရန် လိုပေလိမ့်မည်။

သို့ဖြစ်၍ ပြည်တွင်းကွန်ပျူတာပညာရှင်များက ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန်၊ အိုင်စီတီနယ်ပယ်တွင် ထူးချွန်ထက်မြက်သောပညာရှင်များပေါ်ပေါက်လာစေရန်၊ အိုင်စီတီ နည်းပညာကို လေ့လာလိုက်စားကြသော ကျောင်းသားလူငယ်များအတွင်း တီထွင်ဖန်တီးခြင်းများ ပိုမိုတိုးတက်လာစေရန်၊ သင်ကြားရေးအထောက်အကူပြု ပရိုဂရမ်များ ထွက်ပေါ်လာစေရန်နှင့် နိုင်ငံအတွင်း နေရာဒေသအသီးသီးတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေပြီး အသုံးချမှုနယ်ပယ်ကျယ်ပြန့်လာစေရန် ရည်ရွယ်ကျင်းပခဲ့သည့် ယခုပြပွဲသို့လာရောက်လေ့လာကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။



အထင်ကြီးအားကျခဲ့တဲ့ စီနီယာပညာရှင်တွေက သူတို့ရဲ့အတွေ့အကြုံတွေကို ပေါ့ပေါ့ပါးပါး ပြန်လည်ဝေမျှကြတဲ့အတွက် ယုံကြည်မှုတွေ တိုးပွားခဲ့ပါတယ်။

မဆွေဇင်နှင်း



အောင်မြင်တဲ့ လုပ်ငန်းရှင်တွေရဲ့အတွေ့အကြုံတွေကို သိရှိခွင့်ရတဲ့အတွက် ကျွန်တော်တို့ အားတက်စရာ၊ အတုယူစရာတွေ ရရှိခဲ့ပါတယ်။

မောင်အောင်ကောင်းမြတ်



ဒီပြပွဲကြီးက သမီးတို့လို ကျောင်းသား၊ ကျောင်းသူတွေအတွက် များစွာဗဟုသုတရစေပါတယ်။

မသန္တာအောင်



ကျောင်းပြီးသွားတဲ့ သူတွေ ဘယ်လိုင်းကို လိုက်လို့ရမယ်ဆိုတာသိသွားတယ်။

မနွယ်နီအောင်



တယ်လီဖုန်းတွေ၊ အင်တာနက်တွေလည်း ပေါ်လာတဲ့အတွက် လေ့လာကျက်မှတ်ရတာ အရင်ထက်ပိုပြီး အဆင်ပြေသွားပါတယ်။

ကိုခန့်

**မဆွေဇင်နှင်း၊**
**Network အင်ဂျင်နီယာ၊**
**သတင်းအချက်အလက်နှင့်**
**ဆက်သွယ်ရေးနည်းပညာ**
**သင်တန်းကျောင်း (လှိုင်)**

အခုလိုမျိုး ပြပွဲတွေဖြစ်လာဖို့ အများကြီးမျှော်လင့်ထားပါတယ်။ ကျောင်းတွေမှာလည်း ဒီလိုပြပွဲတွေ ဖြစ်လာဖို့ကိုလည်း အများကြီး မျှော်လင့်ထားပါတယ်။ ဘဝမှာလည်း ခုလိုမျိုး နိုင်ငံတော်အဆင့်ပြပွဲကို ကျောင်းသူတစ်ယောက် အနေနဲ့ ပထမဆုံးတက်ဖူးတာပါ။ ဒါကြောင့် ဒီလိုပြပွဲမျိုးတွေ ဖြစ်လာတာ အရမ်းလည်းဝမ်းသာပါတယ်။ နောက်နောင်မှာလည်း ဒီလိုမျိုးပြပွဲတွေ အများကြီး ပြသနိုင်ပြီးတော့ ကျောင်းသူကျောင်းသားတွေကို တက်ရောက်ခွင့်ရအောင် ဖိတ်ကြားပေးဖို့လည်း အများကြီးမျှော်လင့်ထားပါတယ်။

ဒီလိုမျိုးပြပွဲတွေက လက်ရှိကျောင်းသား ကျောင်းသူတွေအတွက် လိုအပ်သလို နောင်မျိုးဆက်သစ်တွေအတွက်လည်း အရမ်းလိုအပ်ပါတယ်။ မနေ့ကလည်း ဖိုရမ်သုံးခုတက်ခဲ့ပါတယ်။ အဲဒီဖိုရမ်တွေမှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပါဝင်ဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာတော့ နိုင်ငံတော်သမ္မတကြီးလည်း တက်ရောက်တဲ့အပြင် ကွန်ပျူတာပညာရှင်တွေ တက်ရောက်ဆွေးနွေးတဲ့ လူငယ်နဲ့ အခွင့်အလမ်းဆိုတဲ့ ဆွေးနွေးပွဲမှာ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဒီနေ့ဆွေးနွေးခဲ့တဲ့ ဆော့ဖ်ဝဲတွေက ခုလောလောဆယ်တော့ မြန်မာနိုင်ငံရဲ့ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရမ်းကိုအရေးကြီးပါတယ်။

ခုလို ကိုယ်အထင်ကြီးအားကျခဲ့တဲ့ စီနီယာပညာရှင်တွေက သူတို့ရဲ့ အတွေ့အကြုံတွေကို ပေါ့ပေါ့ပါးပါး ပြန်လည်ဝေမျှကြတဲ့အတွက် ယုံကြည်မှုတွေ တိုးပွားခဲ့ပါတယ်။ နောင်မှာလည်း ခုလိုပြပွဲတွေကျင်းပတဲ့အခါ ကိုယ်ကိုယ်တိုင်လုပ်ပြနိုင်တဲ့ အခြေအနေရောက်အောင် ကြိုးစားသွားမှာပါ။ ဒီလိုပြပွဲကြီးကို တက်ရောက်ခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ နောင်ကျင်းပမယ့် ပြပွဲတွေမှာလည်း ကျောင်းသား ကျောင်းသူတွေကို တက်ရောက်ခွင့်ရအောင် ဖိတ်ကြားပေးဖို့ မျှော်လင့်ပါတယ်။

**မောင်အောင်ကောင်းမြတ်**
**အင်ဂျင်နီယာ**
**နည်းပညာတက္ကသိုလ် (တောင်ကြီး)**

နိုင်ငံတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်တွေ အကုန်လုံးကစုပေါင်းပြီး ဆော့ဖ်ဝဲပြပွဲကြီးကို လုပ်ပေးတဲ့အတွက် ကျောင်းသားကျောင်းသူတွေအတွက် ဗဟုသုတအများကြီးရပါတယ်။ အဲဒီလိုလုပ်ပေးလို့ အရမ်းကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း ဒီလိုပြပွဲမျိုးတွေ ခဏခဏ လုပ်ပေးစေချင်ပါတယ်။

ဒီနေ့ပြပွဲမှာ ဆော့ဖ်ဝဲနဲ့ ပတ်သက်တဲ့ ကုမ္ပဏီအစုံကိုတွေ့ရပါတယ်။ နောက်ပြီး ပညာရှင်တွေလည်း လာပြီးဟောပြောပါတယ်။ ကျွန်တော်က Network အင်ဂျင်နီယာဖြစ်လို့ လုံခြုံရေးပိုင်းကို ပိုပြီးစိတ်ဝင်စားပါတယ်။ ဒါကြောင့် လုံခြုံရေးပိုင်းဆိုင်ရာတွေကိုပဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ဆွေးနွေးပွဲကို တက်ရောက်ခွင့်ရလို့ အောင်မြင်တဲ့လုပ်ငန်းရှင်တွေနဲ့တွေ့ခွင့်ရပြီးတော့ သူတို့ရဲ့ အတွေ့အကြုံတွေကို သိရှိခွင့်ရတဲ့အတွက်လည်း ကျွန်တော်တို့အတွက် အားတက်စရာ အတုယူစရာတွေ ရရှိခဲ့ပါတယ်။ သူတို့လို အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက် ပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။

**မသန္တာအောင်**
**မဟာတန်း**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

ဒီပြပွဲကိုကြည့်လိုက်မယ်ဆိုရင် တိုးတက်နေတဲ့ နည်းပညာတွေကို သိလာရတယ်။ သင်ယူရမယ့်ဟာတွေကိုလည်းသိလာရတယ်။ ဗဟုသုတအနေနဲ့ ကတော့ သမီးကရှေ့နှစ်ဆို စာတမ်းလုပ်ရတော့မယ်။ စာတမ်းနဲ့ ပတ်သက်ပြီး အင်ဂျင်နီယာဆော့ဖ်ဝဲပိုင်းတွေကိုလည်း သိရပါတယ်။ နောက်ထပ်လိုက်ရမယ့် ပညာရပ်တွေကိုလည်း သိလာရပါတယ်။ ဒီပြပွဲကြီးက သမီးတို့လိုကျောင်းသား၊ ကျောင်းသူတွေအတွက် များစွာဗဟုသုတရစေပါတယ်ဟု ပြောသည်။

**မနွယ်နီအောင်၊ သင်တန်းသူ၊**
**သတင်းအချက်အလက်နှင့်**
**ဆက်သွယ်ရေး**
**နည်းပညာဆိုင်ရာသင်တန်း**

တောင်ငူ နည်းပညာတက္ကသိုလ်ကနေ ME(EC)နဲ့ကျောင်းပြီးခဲ့ပါတယ်။ အခုတော့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်းကျောင်း(လှိုင်)မှာ Network သင်တန်းပြီးလို့ ဒီကိုလာတာပါ။ ဒီပြပွဲကအသုံးအများကြီးဝင်ပါတယ်။ သမီးလိုကျောင်းပြီးသွားတဲ့သူတွေ ဘယ်လိုင်းကိုလိုက်လို့ရမယ် ဆိုတာရယ်။ ဘာတွေလုပ်ရမယ်ဆိုတာ အတိအကျမသိပါဘူး။ ဒီကိုလာလိုက်တော့ သိသွားတယ်။ ကိုယ်ဘယ်လိုင်းကို လိုက်ရမယ်ဆိုတာလည်း သိသွားတယ်။ ကိုယ်တတ်တဲ့ဆော့ဖ်ဝဲနဲ့ ဘယ်အပိုင်းတွေရေးလို့ရမယ်ဆိုတာ သိသွားတာပေါ့။ သင်ထောက်ကူ အပိုင်းမှာလည်း ကျောင်းမှာသင်ထားတာနဲ့ အပြင်မှာပြတဲ့အပိုင်းတွေ မတူတာတွေရှိတယ်။ အဲဒါတွေလေ့လာခွင့်ရတာပေါ့။ ဒီပွဲကို နိုင်ငံတော်သမ္မတကြီးတက်ရောက်အားပေးပြီး သမီးတို့နဲ့ ရင်းရင်းနှီးနှီး နှုတ်ဆက်တယ်။ ရောက်တုန်း လေ့လာရေးခရီးလည်းပို့ပေးမယ် ပြောသွားတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်ဟု ပြောပြခဲ့သည်။

**ကိုခန့်**
**ဆော့ဖ်ဝဲရေးသားသူ**

ကျွန်တော်တို့ အဓိကရေးသားတာကတော့ ကိုးတန်း၊ ၁၀ တန်းတွေအတွက် သင်ရိုးကုန် သိပ္ပံဘာသာရော၊ ဝိဇ္ဇာဘာသာရော ကျောင်းသားတွေအနေနဲ့ ဖတ်စာအုပ်တင်မကဘဲ မိုဘိုင်းလ် Laptop တွေနဲ့ပါ စာသင်ပြီးတော့ ဖတ်ရှုလေ့လာကျက်မှတ်နိုင်အောင် ပြုစုပေးထားပါတယ်။ အရင်တုန်းကဆိုရင် ကျောင်းသားတွေ ဖတ်စာအုပ်တွေနဲ့ ကျက်မှတ်ရပါတယ်။ အခုဆိုရင် တယ်လီဖုန်းတွေ၊ အင်တာနက်တွေလည်း ပေါ်လာတဲ့အတွက် လေ့လာကျက်မှတ်ရတာ အရင်ထက်ပိုပြီး အဆင်ပြေသွားပါတယ်။ သင်ထောက်ကူမှာဆိုရင် သင်ရိုးဖတ်စာအုပ်အပြင် အထောက်အကူဖြစ်စေမယ့် အထောက်အထားကို အလွယ်ကူရစေနိုင်ပါတယ်ဟု ပြောပြခဲ့သည်။

သတင်းဆောင်းပါး - ထွန်းဝင်းနိုင်၊ မျိုးမြင့်၊ ဓာတ်ပုံ- ရွှေကိုကိုလေး

## လားရှိုးမြို့နယ်၌ နိုင်ငံသားကတ်ပြားပေးအပ်

**လားရှိုး မေ ၃**

နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန် ကျန်နေသူများအတွက် မိုးပွင့်(အထူး)စီမံချက်ဖြင့် လားရှိုးမြို့နယ် ရုံးမှဒုလဝကမှူး ဦးရန်ဝင်းအောင်နှင့် လ/ထ လဝကမှူး ဦးထက်ဝင့်အောင်တို့ နှစ်ဦးနှင့် ကျေးရွာအုပ်စု နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ လိုက်ပါ၍ ဧပြီ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် လွယ်တောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာသို့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျေးရွာနေ လားဟူ၊ ရှမ်း၊ ကချင်တိုင်းရင်းသားပြည်သူ ၁၇၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူများအား မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့်ဝန်ထမ်းများက မေ ၂ရက် နံနက် ၁၀ နာရီ တွင် ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဇော်လွင်(လားရှိုး)**

## ပြည်ထဲရေးဝန်ကြီးဌာန
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး။
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
 (၁) ရန်ကုန်တိုင်းဒေသကြီး။ မင်္ဂလာဒုံမြို့နယ်
 (၂) နေပြည်တော်။ ဇမ္ဗူသီရိမြို့နယ်
(ဂ) အကျဉ်းဦးစီးဌာန
 (၁) ပဲခူးတိုင်းဒေသကြီး။ ဒိုက်ဦးမြို့နယ်
 (၂) ကချင်ပြည်နယ်။ မိုးညှင်းမြို့နယ်
 (၃) မွန်ပြည်နယ်။ မော်လမြိုင်မြို့နယ်
 (၄) နေပြည်တော်။ ဒက္ခိဏသီရိမြို့နယ်
(ဃ) မီးသတ်ဦးစီးဌာန။
 (၁) နေပြည်တော်။ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်
 (၂) မန္တလေးတိုင်းဒေသကြီး။ ပြင်ဦးလွင်မြို့နယ်

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာကို (၆-၄-၂၀၁၅)ရက်နေ့မှ စတင်၍ ဝယ်ယူနိုင်ပြီး (၃၀-၄-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၁၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

# ငြိမ်းချမ်းရေးတံခါးပွင့်လာမှုအပေါ် ဒေသခံပြည်သူများ၏ သဘောထားအမြင်များ

ဖြိုးစန္ဒာမြင့်၊ နေဇာဇာထွန်း

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်ကို မတ် ၃၁ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်သည့်အပေါ် ဒေသခံပြည်သူတချို့၏ သဘောထားအမြင်များကို တင်ပြလိုက်ပါသည်။**


ဒေါက်တာထွန်းထွန်း

**ဒေါက်တာထွန်းထွန်း**
**(မြို့နယ်ကျန်းမာရေးမှူး တပ်ကုန်းမြို့နယ်)**

ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးဌာနကိုယ်စား ပြောရမယ်ဆိုရင် အင်မတန်ကို ကြိုဆိုရမယ့်သတင်းပါပဲ။ ကျွန်တော်တို့တိုင်းပြည်မှာ ငြိမ်းချမ်းရေးရလာပြီဆိုတဲ့ ကောင်းတဲ့ အပြောင်းအလဲလို့ ယူဆရမှာပါ။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်နယ်တွေမှာဆိုရင် မငြိမ်းချမ်းတဲ့ ကာလတစ်ခုတုန်းက တချို့ဒေသတွေမှာဆိုရင် နယ်မြေမလုံခြုံမှုတွေရှိခဲ့လို့ အဆင်မပြေမှုလေးတွေ ကြုံခဲ့တယ်။ ဒါပေမယ့် အခုအချိန်မှာ တော်တော်များများ နယ်မြေတွေဟာ ငြိမ်းချမ်းတဲ့ နယ်မြေတွေဖြစ်သွားပါပြီ။ အခုလို ငြိမ်းချမ်းရေး ပဏာမလက်မှတ်ရေးထိုးတာ အောင်မြင်ခဲ့လို့ အများကြီး ဝမ်းသာပါတယ်။ အခုလိုအခြေအနေမှာဆိုရင် အဓိကကတော့ နယ်စပ်ဒေသတွေမှာ ပိုပြီး ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေရှိလာမှာပါ။ နယ်မြေဒေသတစ်ခုဟာ ငြိမ်းချမ်းတယ်ဆိုရင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုတွေပဲ ဖြစ်လာမှာပါ။ ကောင်းသောအပြောင်းအလဲဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ယူလည်း ယူဆထားပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာက မငြိမ်းချမ်းဘူး၊ နယ်မြေမလုံခြုံဘူးဆိုရင် နေထိုင်သွားလာဖို့၊ ဆက်ဆံဖို့ဆိုတာ တော်တော်လေး ခဲယဉ်းပါတယ်။ ငြိမ်းချမ်းတဲ့အခြေအနေ ရောက်လာပြီဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေ အေးအေးချမ်းချမ်းနဲ့လုပ်နိုင်ပြီး ပြည်နယ်ပြည်မ မခွဲခြားဘဲ လမ်းပန်းဆက်သွယ်ရေးတွေသာမက အားလုံးတန်းတူဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်။


ဒေါ်ခင်လှိုင်းဝေ

**ဒေါ်ခင်လှိုင်းဝေ**
**(မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ တပ်ကုန်းမြို့နယ်)**

ပြည်သူတစ်ယောက် အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီး ငြိမ်းချမ်းရေးတကယ်သာရရှိခဲ့ရင်တော့ အတိုင်းမသိ ဝမ်းသာပါတယ်။ ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေ စည်းလုံးကြမှသာ အေးချမ်းမှာ ဖြစ်တယ်လေ။ အဲဒီတော့ အမျိုးသမီးရေးရာအဖွဲ့အနေနဲ့ ဒါကိုလက်လည်း လက်ခံတယ်။ အလွန်လည်း ဝမ်းသာတယ်။ မငြိမ်းချမ်းတဲ့ဒေသမှာရှိနေတဲ့ပြည်သူတွေအတွက်လည်း ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက် တတ်နိုင်တဲ့ဘက်ကနေ ကူညီဝိုင်းဝန်းပြီး ဖြေရှင်းပေးချင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း နိုင်ငံအနာဂတ်ဟာ အကောင်းဘက်ကို ဦးတည်တဲ့ပြောင်းလဲမှုတွေ၊ ကောင်းတဲ့ရလဒ်တွေပဲ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။


ဦးသိန်းဝင်း

**ဦးသိန်းဝင်း**
**(အနေးယာဉ်လုပ်သား မြဝတီရပ်ကွက် တပ်ကုန်းမြို့နယ်)**

ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးအတွက် ကောင်းတဲ့ အရာတစ်ခုဖြစ်သလို ငြိမ်းချမ်းရေးဆိုတာ လူသားတိုင်းမျှော်လင့်နေတဲ့ အရာတစ်ခုပါ။ ကောင်းတဲ့အလားအလာတစ်ခုလည်းဖြစ်ပါတယ်။ အခု တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ မူကြမ်းလက်မှတ်ရေးထိုးတယ်ဆိုတာ သတင်းစာကနေ သိလိုက်ရတဲ့အခါ ကောင်းတဲ့ဘက်ကို တိုးတက်မှုတွေ အများကြီးဖြစ်လာမယ်လို့ မျှော်လင့်မိပါတယ်။ မငြိမ်းချမ်းခင်ကာလတွေကဆိုရင် လမ်းပန်းဆက်သွယ်ရေးကအစ ခက်ခဲခဲ့တာပေါ့လေ။ အခုတော့ စိတ်အေးချမ်းသာစွာ သွားလာလို့ရသွားတာပေါ့။ အရင်တုန်းက မငြိမ်းချမ်းတဲ့ ဒေသမှာရှိနေတဲ့ပြည်သူတွေလည်း ငြိမ်းချမ်းရေးစာချုပ်မူကြမ်းချုပ်ပြီးလို့ အပစ်အခတ်တွေ တကယ်ရပ်ကြမယ်၊ စီးပွားရေး၊ လူမှုရေးတွေလည်း ပိုမိုတိုးတက်လာမယ် ဆိုရင်တော့ အတိုင်းမသိ ဝမ်းသာပါတယ်။

**ဒေါ်တင်မိုးရီ**
**[(လင်း)ဆိုင်ကယ်ရောင်းဝယ်ရေး တပ်ကုန်းမြို့နယ်]**

ပြည်သူတစ်ယောက်အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်ကြီး ငြိမ်းချမ်းတယ်ဆိုတော့ နိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ အေးအေးချမ်းချမ်းနဲ့ စီးပွားရှာလို့ရတာပေါ့။ အစ်မကတော့ စစ်ဖြစ်နေတဲ့၊ စစ်ဖြစ်ခဲ့တဲ့ အရပ်ဒေသတွေကို မရောက်ဖူးပေမယ့် အဲဒီအရပ်တွေမှာ နေတဲ့ပြည်သူတွေ ခံစားရတဲ့ ခံစားမှုမျိုးမဟုတ်ရင်တောင် ထပ်တူဝမ်းနည်းမှုတွေ ခံစားရပါတယ်။ အစ်မတို့လို ပြည်သူတွေအနေနဲ့ကတော့ ဒီငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းတင်မကဘူး တစ်နိုင်ငံလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေသွားနိုင်ဖို့ ဆုတောင်းပါတယ်။ ခုချိန်မှာ လက်မှတ်ထိုးပြီး အေးချမ်းမှုရသွားမယ်ဆိုရင်တော့ စိတ်ချမ်းသာရတော့မှာပါ။


ဒေါ်တင်မိုးရီ

# ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲ ကျင်းပ

**နေပြည်တော် မေ ၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၀ ၌ လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ဂုဏ်ထူး)ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၂၄၁ ပါးအနက် ၁၁၆ ပါး ဖြေဆိုကြသဖြင့် ၄၈ ဒသမ ၁၃ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် အပါး ၄၅၅၄၀ ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

omoema&;0eu;Xme
1376-cEp yxrjyepmar;y ae&u t v u ajzqrt ajct ae

**ရက်စွဲ၊ ၃-၄-၂၀၁၅**

**ဖြေဆိုသည့်ဘာသာ၊ အဘိဓမ္မတ္ထသင်္ဂဟ**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ပထမကြီးတန်း | ၁၅၁၄၃ | ၁၁၆၅၉ | ၃၄၈၄ | ၇၆. ၉၉ |
| ၂ | ပထမလတ်တန်း | ၁၄၆၂၀ | ၁၁၄၉၈ | ၃၁၂၂ | ၇၈. ၆၅ |
| ၃ | ပထမငယ်တန်း | ၂၉၄၆၄ | ၂၂၃၈၃ | ၇၀၈၁ | ၇၅. ၉၇ |
| | ပေါင်း | ၅၉၂၂၇ | ၄၅၅၄၀ | ၁၃၆၈၇ | ၇၆. ၈၉ |

omoema&;0eu;Xme
1376-cEp "rmp& , pmar;y ae&u t v u ajzqrt ajct ae

**ရက်စွဲ၊ ၃-၄-၂၀၁၅**

**ဖြေဆိုသည့်ကျမ်းအမည်၊ ပါဠိဂုဏ်ထူး(ဒုတိယနေ့)**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ဓမ္မာစရိယတန်း | ၂၄၁ | ၁၁၆ | ၁၂၅ | ၄၈. ၁၃ |

## ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့်ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင် ဖွဲ့စည်း

**နေပြည်တော် မေ ၃**

ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ကို ပညာရှင်များ၊ ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာချက်နှင့်အညီ အဖွဲ့ဝင်(၉)ဦးပါဝင်သော **“ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်”** ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဧပြီလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာအမှတ် (၃၁/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မဟာသင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ် သတိပေးနှိုးဆော်ချက်

၁။ သင်္ကြန်ရေကစားသူများနှင့် ရေပက်ခံသူများ အရက်သေစာအလွန်အကျွံသောက်စားခြင်း မပြုကြပါရန်၊ အရက်ကြောင့် အမျိုးမျိုးသောပြဿနာရပ်များ ဖြစ်ပွားနိုင်ကြောင်း သတိပြုတားမြစ်ကြပါရန်။

၂။ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်သွားလာခြင်း မပြုလုပ်ကြရန်။ တုတ်၊ ဓားလက်နက်များကြောင့် ရန်လိုစိတ်များဖြစ်ပေါ်ပြီး မှုခင်းများဖြစ်ပွားတတ်သည်ကို သတိပြုတားမြစ်ကြပါရန်။

၃။ သင်္ကြန်ရေကစားသူများအနေဖြင့် လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်ရေပက်ခံသူများအနေဖြင့် လည်းကောင်း ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေများနှင့်သာ သွားလာကြပါရန်။

၄။ အများအမြင်မသင့်လျော်သော ဝတ်စားဆင်ယင်မှုများ မပြုလုပ်စေရေး အုပ်ထိန်းသူ၊ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပါရန်။ ဝတ်စားဆင်ယင်မှု မဆင်ခြင်၍ လူမှုရေးပြဿနာများဖြစ်ပေါ်နိုင်ကြောင်း သတိပြု ကြပါရန်။

၅။ အချိန်လွန်သွားလာ၍ လူမှုရေးမှုခင်းများ ဖြစ်ပွားတတ်သဖြင့် သတိပြုဆင်ခြင်ကြပါရန်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ရုရှားအရှေ့ဖျားဒေသ ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်မှုတွင် မြန်မာနိုင်ငံသားများပါဝင်

**နေပြည်တော် မေ ၃**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသကမ်းလွန် Okhotsk ပင်လယ်အတွင်း ရုရှားငါးဖမ်းသင်္ဘော Dalniy Vostok သည် ဝန်ပိုတင်ဆောင်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဧပြီ ၁ ရက် ညပိုင်းတွင် နစ်မြုပ်သွားခဲ့ပြီး အဆိုပါသင်္ဘောနစ်မြုပ်မှုအား ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာန (Emergencies Ministry) က ပြောကြားမှုအပေါ် RIA Novosti သတင်းဌာနက ဧပြီ ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နစ်မြုပ်သွားသော ငါးဖမ်းသင်္ဘော Dalniy Vostok ပေါ်တွင် သင်္ဘောသား ၁၃၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး နစ်မြုပ်ချိန်တွင် သင်္ဘောသား ၆၃ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတွင် မြန်မာနိုင်ငံသား ငါးဦးပါဝင်ကြောင်း၊ ရုပ်အလောင်း ၅၄ လောင်း ဆယ်ယူရရှိပြီး ၁၅ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ သင်္ဘောသား ၁၃၂ ဦးတွင် ရုရှားနိုင်ငံသား ၇၈ ဦးနှင့် အခြားနိုင်ငံသား ၅၄ ဦးပါဝင်ပြီး ၎င်းအနက် ၄၂ ဦးမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ငါးဖမ်းသင်္ဘောနစ်မြုပ်မှုအခြေအနေအား မြန်မာသံရုံးက ရုရှားအရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ သတင်းအတည်ပြုခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

# ယူနက်စကိုနှင့် ဂွီလာမိုကာနို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုကို ဆီးရီးယားသတင်းထောက် မာဇန်ဒါဝစ်ချ်ရရှိ

**ပါရီ မေ ၃**

၂၀၁၅ ခုနှစ် ယူနက်စကိုနှင့် ဂွီလာမိုကာနို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုကို ထောင်ထဲတွင် အကျဉ်းကျခံနေရသော လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဆီးရီးယားဂျာနယ်လစ် မာဇန်ဒါဝစ်ချ်အား ချီးမြှင့်မည်ဖြစ်သည်။ မေ ၃ ရက်တွင် လတ်ဗီးယားနိုင်ငံတွင် လက်ခံကျင်းပမည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နှစ်ပတ်လည် အခမ်းအနားတွင် အဆိုပါဆုကို ချီးမြှင့်မည်ဖြစ်သည်။

မာဇန်ဒါဝစ်ချ်က ဆီးရီးယားနိုင်ငံတွင် ၁၀ နှစ်ကျော်ကြာ သတင်းများရယူပေးရာတွင် ၎င်း၏ကိုယ်ကျိုးကိုမငဲ့ဘဲ ခက်ခဲပင်ပန်းကြီးစွာ သတင်းများရယူပေးခြင်း၊ မကြာမကြာအကျဉ်းကျခံရခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုများလည်းခံခဲ့ရသည်။ ထိုကဲ့သို့ စွန့်လွှတ်အနစ်နာခံစိတ်တို့ကြောင့် နိုင်ငံတကာမှ ဝါရင့်သတင်းစာဆရာများပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့က မာဇန်ဒါဝစ်ချ်အားဆုချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ရန်ကုန်တိုင်းမ်သတင်းစာထုတ်ဝေသူ ဦးကိုကိုဦးဆောင်သည့် နိုင်ငံတကာ ဝါရင့်သတင်းစာဆရာများပါဝင်သော ဆုချီးမြှင့်ရေးအဖွဲ့က လက်ရှိအချိန်တွင် အကျဉ်းကျခံနေရသော မာဇန်ဒါဝစ်ချ် အပါအဝင် အခြားသော လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို အမှတ်ရစေလိုကြောင်းပြောကြားခဲ့သည်။

ရှေ့နေတစ်ဦးဖြစ်သည့် မာဇန်ဒါဝစ်ချ်သည် ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ဆီးရီးယားမီဒီယာစင်တာနှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရရှိရေး ကြိုးပမ်းသူများအဖွဲ့၏ နာယကတစ်ဦးဖြစ်သည့်အပြင် 'ဗိုက်စ်' သတင်းစာနှင့်ဆီးရီးယားဗျူးနက်သတင်းဌာန၏ တည်ထောင်သူတစ်ဦးလည်းဖြစ်သည်။ အဆိုပါဆီးရီးယားဗျူးနက်သတင်းဌာနကို ဆီးရီးယားအာဏာပိုင်များက ပိတ်ပင်တားမြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် မာဇန်ဒါဝစ်ချ်က ဆီးရီးယားနိုင်ငံ၏ ပထမဆုံးသော မီဒီယာလောကအကြောင်းအရာများထည့်သွင်းရေးသားထားသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်သော 'မီဒီယာကလပ်'ကိုတည်ထောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီတွင် သူ့အား အာဏာပိုင်များကဖမ်းဆီးခဲ့သည်။ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများဖြစ်သည့် ဟာနီအယ်ဇစ်တနီနှင့် ဟူစိန်ဂါဟ်ရာ တို့လည်း ၎င်းနှင့်အတူ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ကမ္ဘာတစ်ဝန်းရှိစာနယ်ဇင်းအဖွဲ့အစည်းများနှင့်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက မာဇန်ဒါဝစ်ချ်နှင့် သူ၏အပေါင်းအပါများအား ပြန်လည်လွှတ်ပေးရန်တောင်းဆိုကြသည်။

၂၀၁၃ ခုနှစ် မေ ၁၅ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆီးရီးယားအာဏာပိုင်များအား ဆီးရီးယားမီဒီယာစင်တာနှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရရှိရေးကြိုးပမ်းသူများအဖွဲ့ဝင်များအပါအဝင် အကျဉ်းသားများပြန်လွှတ်ပေးရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက် ၆၇/၂၆၂ ကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ကုလသမဂ္ဂအကျဉ်းချထားမှုဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က ဆီးရီးယားအာဏာပိုင်များအား မာဇန်ဒါဝစ်ချ်နှင့် အပေါင်းအပါများကို ဖမ်းဆီးထားခြင်းမှာ ထင်ရာမြင်ရာ လုပ်ဆောင်ခြင်းသက်သက်သာဖြစ်ကြောင်း လူသိရှင်ကြား စွပ်စွဲခဲ့ပြီး ၎င်းတို့ကိုပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

နိုင်ငံတကာတွင် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ပိုမိုရရှိစေရန် သို့မဟုတ် ကာကွယ်ရေးတွင် အပြောင်မြောက်ဆုံး ကူညီပေးခဲ့သူကို ယူနက်စကိုအမှုဆောင်အဖွဲ့က ၁၉၉၇ ခုနှစ်မှစတင်ပြီး နှစ်စဉ် ဆုချီးမြှင့်သည်။ ဆုရရှိသူကို အမေရိကန်ဒေါ်လာ ၂၅၀၀၀ ချီးမြှင့်သည်။ ၁၉၈၆ ခုနှစ် ဒီဇင်ဘာ ၁၇ တွင် ဘိုဂိုတာမြို့၌ 'အယ်အက်စ်ပက်တာဒို' အမည်ရှိ ၎င်းပိုင်သတင်းစာတိုက်အရှေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသော ကိုလံဘီယာဂျာနယ်လစ် ဂွီလာမိုကာနိုအစ်ဇာအား ဂုဏ်ပြုသည့်အနေဖြင့် ဆု၏နာမည်ကို ဂွီလာမိုကာနို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုဟု အမည်မှည့်ခေါ်သည်။ ယင်းဆုကို ကာနိုဖောင်ဒေးရှင်း(ကိုလံဘီယာ)နှင့် ဟယ်ဆင်းဂျင်းဆာနိုမတ် ဖောင်ဒေးရှင်း(ဖင်လန်)တို့က ငွေကြေးထောက်ပံ့သည်။

**ယူနက်စကို။**



# တရုတ်လုံခြုံရေးအကြီးအကဲဟောင်း ကျောက်ယန်ကန်းကို တရားစွဲဆိုပြီ

**ပေကျင်း မေ ၃**

တရုတ်နိုင်ငံတွင် လုံခြုံရေးအကြီးအကဲဟောင်း ကျောက်ယန်ကန်းကို အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးမှုနှင့် နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုတို့ဖြင့် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ဖော်ပြသည်။

မစ္စတာကျောက်သည် ၂၀၁၂ ခုနှစ်တွင် တာဝန်မှအနားယူခြင်းမပြုမီအချိန်အထိ တရုတ်နိုင်ငံ၏ဩဇာအာဏာအရှိဆုံး ထိပ်ပိုင်းပုဂ္ဂိုလ်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကို ဦးဆောင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ထိပ်ပိုင်း အဆုံးအဖြတ်ပေးနိုင်သော အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ရှီကျင့်ဖျင်အာဏာရရှိပြီးနောက် ၎င်းမှာ စုံစမ်းစစ်ဆေးမှုခံရသည်။

လနှင့်ချီ၍ ကောလာဟလသတင်းများထွက်ပေါ်ပြီးနောက် ၂၀၁၄ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုကို တရားဝင်ကြေညာခဲ့သည်။ထိုအချိန်တွင် တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခြင်းခံရသည်။

ထိပ်တန်းအဆင့်မြင့် တာဝန်ရှိသူဘိုရှီလိုင်းအပါအဝင် ကျောက်ယန်ကန်း၏ မိတ်ဆွေအများအပြားမှာလည်း စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းခံရသည်။

၎င်း၏အမှုကို မြောက်ပိုင်းမြို့တော် တိန်ယန်ကျင်းမြို့ရှိ တရားရုံးတစ်ရုံးသို့ပို့ပေးခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏တရားရုံးချုပ်က ၎င်းကိုပွင့်လင်းစွာရုံးတင်စစ်ဆေးမည်ဟု လွန်ခဲ့သည့်လတွင် ကြေညာခဲ့ပြီး နေ့ရက်အချိန်ကိုမူ ကြေညာခဲ့ခြင်းမရှိပေ။

**ဘီဘီစီ။**

# တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘော ရှစ်စင်းဝယ်ယူရန် ပါကစ္စတန်ဝန်ကြီးချုပ် သဘောတူ

**အစ္စလာမ္မာဘတ် မေ ၃**

ပါကစ္စတန်နိုင်ငံက တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘော ရှစ်စင်းဝယ်ယူရန် ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှာရစ်ဖ်က သဘောတူလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်အစိုးရအရာရှိတစ်ဦးက ပြောသည်။

ရေငုပ်သင်္ဘောများဝယ်ယူမည့် ကုန်ကျစရိတ်သည် အမေရိကန် ဒေါ်လာ ၄ ဘီလီယံမှ ၅ ဘီလီယံခန့် ရှိနိုင်ကြောင်း ပါကစ္စတန်အဆင့်မြင့် ရေတပ်အရာရှိဟောင်းတစ်ဦးက ပြောသည်။

ယခုလအတွင်း ပါကစ္စတန်နိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် အလည်အပတ်ရောက်ရှိသည့်အခါတွင် အဆိုပါစာချုပ်ကို ချုပ်ဆိုမည်ဖြစ်ကြောင်း မတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားကာကွယ်ရေးဆိုင်ရာ အမြဲတမ်းကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပါကစ္စတန် အရာရှိတစ်ဦးက ဆိုသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင် ယခုလပိုင်းအတွင်း ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိမည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ပြောသည်။ သို့သော် ရောက်ရှိမည့်အချိန် အတိအကျကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။



ပါကစ္စတန်နှင့် တရုတ်နိုင်ငံဆက်ဆံရေးသည် အလွန်ပင်ကောင်းမွန်လျက် ရှိသည်။ အိမ်နီးချင်းပြိုင်ဘက်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံအပေါ် အသာစီးရရှိရန် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းထားသည်။ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ ဩဇာလွှမ်းမိုးရန်ကြိုးပမ်းခြင်းကို အဟန့်အတားဖြစ်စေသည်။

ရေငုပ်သင်္ဘောရှစ်စင်း တရုတ်နိုင်ငံမှ ဝယ်ယူရန် ပါကစ္စတန်ဝန်ကြီးချုပ်က သဘောတူခဲ့ပြီဖြစ်ကြောင်းနှင့် ထိုသို့ဝယ်ယူခြင်းသည် ပါကစ္စတန်၏ ကာကွယ်ရေးကဏ္ဍကို မြှင့်တင်ပေးရာရောက်ကြောင်း အမည်မဖော်လိုသူ ပါကစ္စတန်အရာရှိတစ်ဦးကဆိုသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံအား လက်နက်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံကဝယ်ယူခဲ့သည့် လက်နက်ခဲယမ်းများအနက် ၅၁ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံမှဖြစ်ကြောင်း စတော့ဟုမ်းနိုင်ငံတကာ သုတေသနအင်စတီကျူကဆိုသည်။

**ရိုက်တာ။**

# ယူအေအီးနှင့် ဆော်ဒီအာရေဗျနိုင်ငံဒေသအချို့၌ သဲမုန်တိုင်းကြီးကျရောက်၍ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းရ

**ဒူဘိုင်း မေ ၃**

ပါရှန်ပင်လယ်ကွေ့ရှိ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် ဆော်ဒီအာရေဗျ နိုင်ငံဒေသအချို့တွင် မေ ၂ရက်က သဲမုန်တိုင်းကြီး ကျရောက်ခဲ့ရာ လမ်းမများပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပြီး လေကြောင်းပျံသန်းမှုများ ရပ်ဆိုင်းထားရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆိုးရွားသောရာသီဥတု ဖြစ်သန်းနေချိန်အတွင်း ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းနှင့် အယ်လ်မာက်ခ်တွမ်အပြည်ပြည်ဆိုင်ရာ လေကြောင်းများ၏ ပုံမှန်လေကြောင်းပျံသန်းမှုများကို ရပ်ဆိုင်းထားရကြောင်း ဒူဘိုင်းလေဆိပ်၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သဲမုန်တိုင်းကျရောက်မှုကြောင့် လေကြောင်းခရီးစဉ်များကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများပြုလုပ်ခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်းဒေသတွင် နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား ယာယီဆိုင်းငံ့ထားကြောင်း ဆော်ဒီအာရေဗျ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။

လမ်းမပေါ်၌ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် သဲမုန်တိုင်းကျရောက်၍ မြင်ကွင်းမပီဝိုးတဝါးဖြစ်နိုင်ခြင်းကို သတိပြုမောင်းနှင်ကြရန် အာရပ်စော်ဘွားများပြည်ထောင်စုအမျိုးသားမိုးလေဝသနှင့် မြေငလျင်ဗဟိုဌာနက အသိပေးချက် ထုတ်ပြန်ထားသည်။ သဲမုန်တိုင်းကျရောက်မှုကြောင့် မြင်ကွင်းမှာ ပေ ၁၆၀၀ အကွာအဝေးအောက်သို့ ကျဆင်းသွားကြောင်း သတင်းတွင်ဖော်သည်။

**ဘီဘီစီ။**



◻ကျောဖုံးမှ

ခံစားရပြီး ခြေစွမ်းပိုင်းပါ ကျဆင်းသွားမည်ကိုစိုးရိမ်နေသည်။ ဝင်းဂါးက ဝဲလ်ကော့သည် လက်ရှိအခြေအနေအတွက် ထိခိုက်ခံပြင်းနေသော်လည်း စိတ်ပိုင်းဆိုင်ရာပျက်စီးနေသည့်ပုံစံမျိုး မဟုတ် ဟုဆိုခဲ့သည်။ အီတလီသတင်းစာ Gazzetta dello Sport က ဝဲလ်ကော့သည် ကစားကွက်ကို လိုက်လျော ညီထွေအောင်ကစားနိုင်သော ခြေစွမ်းမျိုးမရှိဘဲ အရည်အသွေးအားဖြင့်လည်း ပြည့်မီခြင်းမရှိဟု ဝေဖန်ခဲ့သည်။

ဝင်းဂါးက "သူ့အနေနဲ့ အကောင်းဆုံးစွမ်းဆောင်ပေးချင်တဲ့ဆန္ဒရှိနေတယ်ဆိုတာ ပြောဖို့တောင် မလိုပါဘူး။ သူက ဒီလိုဝေဖန်မှုတွေကြောင့် စိတ်မှာထိလွယ်ရှလွယ်အနေအထားရှိနေပြီး ပွဲတစ်ပွဲ ကစားခဲ့ပုံကြောင့် သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ ယိုယွင်းသွားတာမျိုးကို ကျွန်တော်လုံးဝ မလိုလားပါဘူး။ ဒါပေမယ့် သူ့အနေနဲ့ ဒီလိုခက်ခဲတဲ့အချိန်တွေရှိတတ်တယ်ဆိုတာ သဘောပေါက်ပြီး စိတ်ရှည်ဖို့လိုပါတယ်။ ဒါက သူ့ရဲ့ကြံ့ခိုင်မှုအလုံးစုံမပြည့်ဝတဲ့အနေအထားကြောင့်ဆိုတာကို ဝေဖန်တဲ့သူတွေက သိရှိဖို့လိုပါတယ်။ သူက ပြီးခဲ့တဲ့ ၂၀၁၄ တစ်နှစ်လုံးမှာ ဆိုးရွားတဲ့ ဒဏ်ရာပြဿနာတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်လေ။ ဒီတော့ ဝေဖန်မှုတွေက သူ့အပေါ် မတရားရာကျတယ်လို့ ကျွန်တော်ခံစားရပါတယ်"ဟု ဆိုသည်။

ရှိုင်းဟော့ဂ်ဆန်သည် ရွှန်းနီ၏ ကွင်းရှေ့နောက်ရွှေ့လျားနေရမှုများကို အနည်းငယ်လျော့ပါးစေရန် ဝဲလ်ကော့အား အဆိုပါနေရာ၌ ကစားစေခဲ့ခြင်းဖြစ်သည်။

[မေလှဲ့သင်း]

◻◻





# အော်စကာအား အလိုရှိနေ၍ ပေါ့ဘာအား ချယ်လ်ဆီးသို့ရောင်းချသွားရန် ဂျူဗင်တပ်စီစဉ်

**စီးရီးအေလက်ရှိချန်ပီယံ ဂျူဗင်တပ်က လာမည့်နွေရာသီတွင် ချယ်လ်ဆီးတိုက်စစ်မှူး အော်စကာအား ခေါ်ယူရန် ချိတ်ဆက်လာခဲ့ပြီး အပြန်အလှန်အားဖြင့် ပေါ့ဘာအား ချယ်လ်ဆီးသို့ ပြန်လည်ရောင်းချသွားရန် စီစဉ်နေသည်။ ဂျူဗင်တပ်အားကစား ဒါရိုက်တာ ပါရာတီစီက အော်စကာအား ပေါင်သန်း ၂၀ ဖြင့် လာမည့်နွေရာသီတွင် အရောက်ခေါ်ယူနိုင်ရန် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် အတွက် လန်ဒန်သို့ ရောက်ရှိနေသည်။**

ဂျူဗင်တပ်အနေဖြင့် အော်စကာအား ကာလကြာရှည်ကတည်းကပင် စိတ်ဝင် စားနေခဲ့ ပြီး အော်စကာကလည်း မော်ရင်ဟိုလက်အောက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေရာ လာမည့် နွေရာသီ၌ ချယ်လ်ဆီးမှ ထွက်ခွာမည့် ကစားသမားစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်လာသည်။

ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ဥရောပထိပ်သီးအသင်းကြီးများဖြစ်သည့် ချယ်လ်ဆီး၊ မန်စီးတီး၊ ရီးယဲလ်မက်ဒရစ်နှင့် ၎င်း၏အသင်းဟောင်း မန်ယူတို့က အလိုရှိနေရာ ပေါ့ဘာအနေ ဖြင့် လာမည့်နွေတွင် အသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ရန် အလားအလာများနေ သည်။ ဂျူဗင်တပ်အနေဖြင့် အသက်(၂၂) နှစ်အရွယ် ပေါ့ဘာအတွက် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးရမှသာ ရောင်းထုတ်မည်ဟု အစောပိုင်းကတည်းက ကြေညာခဲ့ပြီးဖြစ်သော်လည်း ၎င်း၏လစ်ဟာသွားသော ကွင်းလယ်နေရာအတွက်အော်စကာအား သာမန်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြန်လည်အစားထိုး ခေါ်ယူသွားရန် ဆန္ဒရှိနေသည်။ အော်စကာသည် ၂၀၁၂ ခုနှစ်တွင် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၉ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ် သည်။

[ကိုရဲ]

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်) ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေကကြီးမှူး၍ ရောဝတီဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်) ဒုတိယနေ့ ပွဲစဉ်များကို မေ ၃ ရက် နံနက် ၆ နာရီခွဲက နေပြည်တော်ရှိ ရွှေ့ရယ်မြန်မာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ မျိုးဝင်းအောင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၃၄ ချက် ဖြင့် ပထမ၊ နိုင်နိုင်လင်း (New Star) က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၃၆ ချက်ဖြင့် ဒုတိယ၊ အောင်ဝင်း (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၁၃၉ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် မောင်မောင်ဦးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၃၈ ချက်ဖြင့်ပထမ၊ ဇင်မင်းသူ ကသတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် ဒုတိယ၊ ဟိန်းစည်သူက စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ခင်မာနွယ်နှင့် ယဉ်မေမျိုးတို့က စုစုပေါင်းရိုက်ချက် ၇၄ ချက်ဖြင့်ပထမ၊ မေဦးခိုင်က စုစုပေါင်း ရိုက်ချက် ၇၅ ချက်ဖြင့် တတိယ လိုက်နေကြသည်။

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(နေပြည်တော်)ကို ရောဝတီဘဏ် လီမိတက်က အဓိက ကူညီပံ့ပိုးပေးပြီး Official Hotel အဖြစ် Kempinski Hotel (Nay Pyi Taw) က ထပ်မံပံ့ပိုးပေးကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# အေစီမီလန်တိုက်စစ်မှူး ရှာရာဝီလ်အားခေါ်ယူရန် အာဆင်နယ်ပစ်မှတ်ထား



အင်္ဂလန် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် အေစီမီလန်အသင်း၏ အီတလီတိုက်စစ်မှူး စတီဖင်အယ်လ်ရှာရာဝီလ် အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

အာဆင်နယ်အသင်းမှာ လာမည့်ဘောလုံးရာသီမတိုင်မီတွင် အရည်အသွေးမြင့်တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် ပစ်မှတ်ထားနေပြီး အေစီမီလန်အသင်းတွင် ခြေစွမ်းပြသနေသည့် ရှာရာဝီလ်အား စောင့်ကြည့်လာခြင်းဖြစ်သည်။

ထို့ပြင် ရှာရာဝီလ်မှာလည်း ရလဒ်ဆိုးများစွာဖြင့် ရုန်းကန်နေရသည့် အေစီမီလန်အသင်းမှ ထွက်ခွာ၍ ဥရောပအင်အားကြီးကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

ရှာရာဝီလ်မှာ အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် နီးစပ်နေသူဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် အသင်းနှင့်ချုပ်ဆိုထားသည့် စာချုပ်မှာပြီးဆုံးမည်ဖြစ်သည်။ ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ၎င်းအား လက်လွှတ်ရန်ဆန္ဒမရှိသော်လည်း သင့်လျော်သည့် ကမ်းလှမ်းမှုကို ရရှိခဲ့ပါက ရောင်းထုတ်သွားဖွယ်ရှိကြောင်း အီတလီမီဒီယာများကဖော်ပြခဲ့ကြသည်။ အာဆင်နယ်အသင်းမှာ ရှာရာဝီလ်အတွက် ပေါင်သန်း ၂၀ ဝန်းကျင်ခန့် သုံးစွဲရန် စီစဉ်နေပြီး အသင်းနှင့်စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါက အေစီမီလန်အသင်း ထက်မြင့်မားသည့် လစာငွေပမာဏကိုပါ ပေးချေသွားရန် အသင့်ရှိနေကြောင်း သိရသည်။

[ကိုရဲ]

## မေ ၄/၅ ရက်နေ့ ယှဉ်ပြိုင်မည့် ဘောလုံးပွဲစဉ်များ

**ပရီမီယာလိဂ်**

| | |
|---|---|
| အာဆင်နယ် - လီဗာပူး | ည-၆း၁၅ |
| အဲဗာတန် - ဆောက်သမ်တန် | ည-၈း၃၀ |
| လက်စတာ - ဝက်စ်ဟမ်း | ည-၈း၃၀ |
| မန်ယူ - ဗီလာ | ည-၈း၃၀ |
| ဆွမ်ဆီး - ဟားလ်စီးတီး | ည-၈း၃၀ |
| ဝက်စ်ဘရွန်း - ကျူပီအာ | ည-၈း၃၀ |
| ချယ်လ်ဆီး - စတုတ် | ည-၁၁း၀၀ |

**စပိန်လာလီဂါ**

| | |
|---|---|
| ဆီဗီးလ် - ဘီဘာအို | ည-၈း၃၀ |
| ကော်ဒိုဘာ - အက်သလက်တီကို | ည-၁၀း၃၀ |
| အယ်မာရီယာ - လီဗန်တေး | ည-၁၂း၃၀ |
| မာလာဂါ - ဆိုစီဒက် | နံနက်-၂း၃၀ |

**စီးရီးအေ**

| | |
|---|---|
| ရိုးမား - နာပိုလီ | ညနေ-၅း၀၀ |
| ဗီရိုနာ - ဆီစီနာ | ည-၇း၀၀ |
| ဆာစူအိုလို - ချီယေဗို | ည-၇း၃၀ |
| ကယ်ဂလီယာရီ - လာဇီယို | ည-၇း၃၀ |
| ပါလာမို - အေစီမီလန် | ည-၇း၃၀ |
| အင်တာမီလန် - ပါးမား | ည-၇း၃၀ |
| အတ္တလန်တာ - တိုရီနို | ည-၇း၃၀ |
| ဂျီနိုအာ - အူဒီးနီးစ် | ည-၇း၃၀ |
| ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား | ည-၁၁း၀၀ |
| ဂျူဗင်တပ် - အမ်ပိုလီ | နံနက်-၁း၃၀ |

(မောင်မောင်ဇော်)

## စစ်တက္ကသိုလ် အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိ စစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ရက်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများမှ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသောကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာစားပွဲ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းများ မိသားစုနှင့်တကွ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာအစီအစဉ်-

| | |
|---|---|
| မင်္ဂလာနေ့ရက် | - (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ရက် |
| မင်္ဂလာအချိန် | - နံနက် ၁၀း၀၀ မှ ၁၂း၀၀နာရီအထိ |
| မင်္ဂလာနေရာ | - ဗိုလ်တထောင်စေတီတော်ဓမ္မာရုံ |

ညစာစားပွဲ အစီအစဉ်

၇-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည ၇း၀၀နာရီမှ ည ၁၀း၀၀နာရီအထိ၊ မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သွေး
သည်
အသက်

## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဘားအံမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | လူနေအိမ် | (၃)လုံး |
| (ခ) | ဧည့်ရိပ်သာ | (၁)လုံး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၄-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၅

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၅၈-၂၁၂၂၅**

## ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘားအံမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့များတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ပြည်နယ်ရုံးညွှန်ကြားရေးမှူးနေအိမ် | (၃)လုံး |
| (ခ) | ပြည်နယ်ရုံးလက်ထောက်ညွှန်ကြားရေးမှူးနေအိမ် | (၁)လုံး |
| (ဂ) | ပြည်နယ်ရုံးဧည့်ရိပ်သာ | (၁)လုံး |
| (ဃ) | ဘားအံမြို့နယ်ရုံးဝန်ထမ်းနေအိမ် | (၁)လုံး |
| (င) | ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူးရုံး | (၁)လုံး |
| (စ) | မြဝတီခရိုင်ရုံးဝန်ထမ်းနေအိမ် | (၁)လုံး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၄-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၅

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၅၈-၂၁၁၈၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန

၁။ **ဖာပွန်မြို့နယ်**
(က) မီတာ (၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း
(ခ) မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း
(ဂ) ဘောလုံးကွင်း အုတ်တံတိုင်းကာရံခြင်း၊ ပွဲကြည့်စင်နှင့် စကိုးဘုတ်အသစ် တည်ဆောက်ခြင်း
(ဃ) ရုံးနှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း

၂။ **ကြာအင်းဆိပ်ကြီးမြို့နယ်**
(က) မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း
(ခ) မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း
(ဂ) ရုံးနှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း

၃။ **ဘားအံမြို့နယ်**
(က) မီတာ(၅၀×၂၅)ရေကူးကန်တည်ဆောက်ခြင်း
(ခ) ခြင်းလုံးလေ့ကျင့်ရေးရုံတည်ဆောက်ခြင်း
(ဂ) တင်းနစ်ကွင်းတည်ဆောက်ခြင်း
(ဃ) ဂျူဒိုလေ့ကျင့်ရေးရုံတည်ဆောက်ခြင်း
(င) ကြက်တောင်ရိုက်လေ့ကျင့်ရေးရုံတည်ဆောက်ခြင်း
(စ) ရုံးနှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း

| | |
|---|---|
| တင်ဒါစတင်ခေါ်ယူမည့်ရက် | - ၄-၄-၂၀၁၅ |
| တင်ဒါပိတ်ရက် | - ၃-၅-၂၀၁၅ |
| ဆက်သွယ်ရန် | - ၀၅၈-၂၁၀၈၂၊ ၀၅၈-၂၂၆၃၈၊ ၀၉-၅၆၆၂၂၀၉ |

# တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲ ရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်းကို မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့တွင် နှစ်ဖက်သဘောတူညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ် လက်နက်ကိုင်အဖွဲ့အစည်း အားလုံးပါဝင်သော သဘောတူညီချက်ဖြစ်၍ နှစ်ပေါင်း (၆၀)ကျော် မငြိမ်းချမ်းနိုင်သည့် လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းစေပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားကြရတော့မည်ဟု အခိုင်အမာမျှော်လင့်မိပါသည်။

နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏သမိုင်းတွင် မော်ကွန်းမှတ်တိုင်တွင်ရစ်မည့် "ဒုတိယပင်လုံ"၏ ပထမခြေလှမ်းအဖြစ်လည်း အခိုင်အမာ ယုံကြည်မိပါသည်။

သို့ပါ၍ ပြည်တွင်းငြိမ်းချမ်းရေး ခရီးကြမ်း၊ ခရီးရှည်ကြီးကို ခိုင်ခိုင်မာမာလျှောက်လှမ်းခဲ့ကြသော နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ကူညီပံ့ပိုးခဲ့ကြသူများ၊ မီဒီယာများအားလုံးကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကိုယ်စား ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း၊ သမိုင်းတွင်ရစ်တော့မည့် ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆက်လက်၍လည်း မျှားမကြာမီကာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ Code of Conduct များ ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များ ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း စသည့် သမိုင်းတွင်ရစ်မည့်အဆင့်များကိုလည်း ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ကြရသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်များကို ရှေးရှုလျက် ပင်လုံစိတ်ဓာတ်၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှုများဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မွေးရေ/ကျေးလက်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ နိုင်ငံတစ်ဝှမ်းလုံးရှိ ကျေးလက်လူငယ်များနှင့် မြစိမ်းရောင်အသင်းအဖွဲ့များ**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကိုနှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာကြိုဆိုထောက်ခံခြင်း

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ်လ(၃၁)ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်ကိုးစားမှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ နှစ်(၆၀)ကျော် ဖြစ်ပွားခဲ့ပြီးနောက် အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုမှာ ဖွဲ့ လုံ့လ၊ စိတ်စေတနာကောင်းကြောင့် ဖြစ်ပါကြောင်း၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၆)ဖွဲ့တို့ နှစ်(၆၀)ကျော် ပဋိပက္ခအပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် သမိုင်းဝင်ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းသမိုင်းဝင်ဆောင်ရွက်ချက်ဖြစ်ရပ်ကို ကြိုဆိုထောက်ခံပြီး နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ဂုဏ်ယူလေးစားမိပါကြောင်း နှင့် သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည် ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူလူထုအားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်
ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူပြည်သားများ

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (Final Draft) အတည်ပြုလက်မှတ်ရေးထိုးခြင်းအပေါ် ဂုဏ်ပြုဝမ်းမြောက်ကြောင်း

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(Nationwide Cease fire Agreement-NCA) အတည်ပြုမူကြမ်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ရှေ့မှောက်တွင် ပဏာမ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။

၂။ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၅ခုနှစ်၊ မတ်လ၃၁ရက်အထိ (၁၆)လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ နေပြည်တော်တွင် အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန်လည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေခြင်းကိုလည်းကောင်း အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း။

**ဇာ(အင်)ဇာကုမ္ပဏီလီမိတက်(Zar & Zar Co.,Ltd.)**
**ဇာ(အင်)ဇာငွေထောက်ပံ့ရေးကုမ္ပဏီလီမိတက်(Zar & Zar Finance Co.,Ltd.)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း (Final Draft)အတည်ပြုလက်မှတ်ရေးထိုးခြင်းအပေါ် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း(MPMEEA)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)အတည်ပြု မူကြမ်းကို ၂၀၁၅ခုနှစ်၊ မတ်လ ၃၁ရက်က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ရှေ့မှောက်တွင် ပဏာမ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း(MPMEEA)မှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။

၂။ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ၁၆လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ နေပြည်တော်တွင် အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန်ကိုလည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေခြင်းကိုလည်းကောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း(MPMEEA)ကိုယ်စား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း။

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း**

## ရောင်းမည်

ရွှေဘိုမြို့၊ ကုန်းဘောင်ရပ်ကွက်၊ ပေ(၄၀×၆၀)၊ မြေကွက်အမှတ် (၅၁၄)။ ဦးစိုးလွင်

ဖုန်း-၀၁-၅၉၁၇၈၈၊ ၀၉-၄၄၈၀၁၆၆၁၁၊ ၀၉-၅၁၆၃၉၇၁

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လခချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

# ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။)**
**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -
(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။
(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-
(ကက) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။
( ခခ ) ကျန်ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။
(င) **နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**
**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား(၁) ပါအခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း(၃)**
**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည်ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁) ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်**

၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**
**ကုန်သွယ်လုပ်ငန်းခွန်**

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) မည်သူမဆို အောက်ဖော်ပြပါပုဒ်မခွဲ (ခ)နှင့်(ဂ)တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။
(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့်ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်သည့်ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည်-

**အထူးကုန်စည်များ**

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၂၀ |
| ၂ | ဆေးရွက်ကြီး။ | ၆၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၆၀ |
| ၄ | ဆေးပေ့ါလိပ်။ | ၆၀ |
| ၅ | ဆေးပြင်းလိပ်။ | ၆၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၆၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၆၀ |
| ၈ | အရက်အမျိုးမျိုး။ | ၆၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၆၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသောသစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းထည်များ။ | ၁၅ |
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| ၁၄ | Double Cab 4 Door Pick Up မှအပ ၁၈၀၀ CCအထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |
| ၁၅ | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည် /ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၀ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၁ | ချင်း။ |
| ၄၂ | ငါးပိအမျိုးမျိုး။ |
| ၄၃ | မန်ကျည်းမှည့်။ |
| ၄၄ | နိုင်ငံတော်အလံ။ |
| ၄၅ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၆ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၈ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၄၉ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၀ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၁ | ဘာသာရေးဆိုင်ရာအဝတ်အထည်(သင်္ကန်းစသည်ဖြင့်)။ |
| ၅၂ | ရေနံချေး။ |
| ၅၃ | ဆားအမျိုးမျိုး။ |
| ၅၄ | ကြက်ပေါင်စေး။ |
| ၅၅ | ကွမ်းသီး။ |
| ၅၆ | ဓာတ်မြေသြဇာ။ |
| ၅၇ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၈ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။ |
| ၆၁ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၂ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

| စဉ် | ကုန်စည် /ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၆၄ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၆၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |
| ၆၆ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၇ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၈ | ခဲတံလုပ်ရန်ခဲဆန်။ |
| ၆၉ | ကွန်ဒုံး(Condom)။ |
| ၇၀ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံးပစ္စည်းနှင့် ပစ္စည်းကိရိယာများ။ |
| ၇၁ | နယ်ဖက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၂ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ အတွက်ရရှိသည့် ပုံနှိပ်ခရင်္ဂနှင့် စစ်လက်နက်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ တပ်မတော်သုံး ယာဉ်အမျိုးမျိုး။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များနှင့် အဆောက်အအုံတည်ဆောက်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါအသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့်တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ်အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၉ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြား သံတမန်များသို့ရောင်းချပေးသည့် စက်သုံးဆီများ။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှအပ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည် ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (ခ)ပါကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှတင်သွင်း ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ အလားတူအဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှကုန်စည်ကို ဝယ်ယူစဉ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်-

(၁) စီးကရက်၊

(၂) ဆေးရွက်ကြီး၊

(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊

(၄) ဆေးပေါ့လိပ်၊

(၅) ဆေးပြင်းလိပ်၊

(၆) ဆေးတံသောက်ဆေးများ၊

(၇) ကွမ်းစားဆေးအမျိုးမျိုး၊

(၈) အရက်အမျိုးမျိုး၊

(၉) ဘီယာအမျိုးမျိုး၊

(၁၀)ဝိုင်အမျိုးမျိုး။

(စ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၃ | နာရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |

(ဆ) ပုဒ်မခွဲ(စ)ပါဝန်ဆောင်မှုလုပ်ငန်းများမှအပ ကျန်ပြည်တွင်း၌ ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင်၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှရောင်းရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်နှင့် အခွင့်အရေးများအားလုံးကို လိုက်နာခြင်း၊ ခံစားခြင်း ရှိစေရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှု ရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်း ခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန် ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့်လက်ဝတ်ရတနာများ။ | ၅ |
| (စ) | လျှပ်စစ်ဓာတ်အား။ | ၈ |

၁၅။ ဤဥပဒေပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါကုန်စည်များမှအပ ကျန်ကုန်စည်များကိုပြည်ပသို့ ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ထက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ဂျက်လေယာဉ်ဆီများ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့်ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**
**ဝင်ငွေခွန်**

၁၉။ (က) မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ ကျပ် | ထိ ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်း တို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ နှင့်၆-က အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ညောင်တုန်းမြို့နယ် ရေနံတူးဖော်ထုတ်လုပ်မှုတွင် အသုံးပြုခဲ့သည့်မြေယာများအား လျော်ကြေးပေး

**ညောင်တုန်း ဧပြီ ၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်းရေနံမြေ၌ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် မြေယာများအတွက်လျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက အမှာစကားပြောကြားပြီး ညောင်တုန်းမအူပင်ရေနံမြေမှ အထွေထွေမန်နေဂျာဦးရဲမြင့်က ရေနံတူးဖော်ထုတ်လုပ်မှု၌ အသုံးပြုခဲ့သည့် လယ်ယာမြေလျော်ကြေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ညောင်တုန်းရေနံမြေ၌ ရေနံတူးဖော်ရာတွင် အသုံးပြုခဲ့သည့် မြေယာများအား လျော်ကြေးငွေများကို ညောင်တုန်း မအူပင်ရေနံမြေမှ အထွေထွေမန်နေဂျာဦးရဲမြင့်က ကညင်ကောက်ကြီးကျေးရွာမှ တောင်သူ ၃၁ ဦးတို့အား မြို့နယ်လယ်ယာစီမံခန့်ခွဲရေးကော်မတီများရှေ့မှောက်တွင် တစ်ဦးချင်းစီပေးခဲ့ကြောင်းသိရသည်။

ရေနံတွင်း ၁၂ တွင်း အသုံးပြုခဲ့သည့် မြေယာ ဧက ၃၇ ဒသမ ၂၂ ဧကအတွက် တောင်သူ ၃၁ ဦးတို့အား လျော်ကြေးငွေမှာ ၅၃၁၁၆၀၀ သိန်းဖြစ်သည်။

ထိုသို့ပေးအပ်မှုတွင် ယနေ့အထိ ညောင်တုန်းရေနံမြေ၌ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် မြေယာ ဧက ၂၀၈ ဒသမ ၉၉ ဧက၊ တောင်သူ ၁၅၁ ဦးတို့အား လျော်ကြေးငွေ ၂၈၇၆၃၄၀၀ သိန်း ပေးလျော်ပြီး ဖြစ်ကြောင်း သိရသည်။

(ဝ၇၆)



# သန်လျင်၌နွေရာသီအားကစားသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၃**

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ သန်လျင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် နွေရာသီ အားကစားသင်တန်းကို သီဟဒီပမိုးလုံလေလုံအားကစားရုံ၌ မတ် ၂၀ ရက် မှ ဧပြီ ၅ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီ အားကစားသင်တန်းတွင် အားကစားနည်း လေးမျိုးအား သင်တန်းပို့ချပေးလျက်ရှိပြီး ထိုအားကစားနည်းများမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ အေရိုးဗစ် အားကစားနည်းများဖြစ်သည်။

အဆိုပါ သင်တန်းကို မတ် ၂၀ ရက်မှ ဧပြီ ၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၁၂၀ ကျော် လာရောက်သင်ကြားလျက်ရှိကာ သင်တန်းပို့ချချိန်မှာ နံနက် ၇ နာရီမှ ၉ နာရီအထိဖြစ်ကြောင်း သိရသည်။ **သက်နိုင်(သန်လျင်)**

# ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပေါက်–ပေါက်ချောင်းရွာ မြေနီလမ်းအားအဆင့်မြှင့်တင်ဆောက်ရွက်

**ပေါက် ဧပြီ ၃**

ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်(၇၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါက်ချောင်းရွာ မြေနီလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ ပေါက်ချောင်းရွာမြေနီလမ်းသစ်ကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၁၀၀၀ မှ ခွဲဝေရရှိသည့် ရန်ပုံငွေ ကျပ်သိန်း၂၀၀ ဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်းသိရသည်။

ယင်းမြေနီလမ်းမှာ အရှည်မိုင် ၂ မိုင်၊ အကျယ် ၁၂ ပေ ရှိသော ပေါက်- ပေါက်ချောင်းရွာ မြေနီလမ်း အမျိုးအစားဖြစ်သည်။

လမ်း သစ်ဖွင့်ပွဲသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၃၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်မှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်မှ မြေနီလမ်းသစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒေသခံဦးဇော်မြင့်ကကျေးဇူးတင် စကားပြန်လည်ပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ စည်ပင်အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၊ စည်ပင်ကော်မတီ ဥက္ကဋ္ဌ ဦးလင်းကြည်နှင့် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းမှာ ယခင်မြေသားလမ်းဖြစ်ပြီး ယခုအခါ မြေနီကျောက်စရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ လမ်းအဆင့် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးမှုကြောင့် ၎င်းလမ်းကို အသုံးပြုသွားလာနေကြသော ယင်းဒေသအတွင်း ရှိ ပေါက်ချောင်းအောက်စု ၊ ပေါက်ချောင်းအလယ်စု၊ ပေါက်ချောင်းအထက်စု၊ မြေနီ(မ)ရွာ၊ မြေနီ(တ)ရွာတို့ရှိ ပြည်သူများအနေဖြင့် ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ပြီး ယင်းဒေသတစ်ဝိုက်တွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကချင်ပြည်နယ် ဟိုပင်မြို့နယ်ရှိ မြို့မဈေးကြီးတွင် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**ဟိုပင် ဧပြီ ၃**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအနေဖြင့် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက အရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်ကား သုံးစီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားတစ်စီး၊ အုပ်ချုပ်ရေးယာဉ်နှစ်စီးတို့ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်၊ မြို့အထောက်အကူပြု ကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

**ယဉ်ယဉ်မီသားစု** သကြံန်အဆင့်မြင့်အထူးခရီးစဉ်
**ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ်**
(စရိတ်ငြိမ်း ၂၀၀၀၀ဝိ/ကျပ် Hotel အိပ်၊ Hotel စား)
ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ
ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

တာမွေမြို့နယ်၊
မေတ္တာညွှန့်ရပ်ကွက် တွင်
၁၅'×၅၀'(၄)လွှာ တိုက်ခန်း
ရေမီးစုံဌားရန်ရှိသည်။
လစာ ၁၃၀၀၀ဝိ/–
PH : 0931020267

**မီးသတိပြု**

**MORES MYANMAR** Travels & Tours
တောင်ကြီး–အင်းလေး ၅ ရက် April 12 | ကချင်ပြည်နယ် –ဆာ့ချန်ဂု (အပတ်စဉ် စနေ)
မန္တလေး–ပြင်ဦးလွင် ၅ ရက် April 11 | မော်လမြိုင် – ဇက်ဖိ (အပတ်စဉ် စနေ)
ပုဂံ – ပုပ္ပါး– စွယ်တော် (၄) ဆူ ၄ ရက် April 13 | ပြည် –အကောက်တောင် (အပတ်စဉ် စနေ)
အလောင်းတော်ကဿပ – မုံရွာ ၄ ရက် April 13 (April 9,10,17,18,19,20)
Ph: 01-376955, 09-30045776, 09-5074744, 09-5038819



# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ခန့်ထားသော လက်ထောက် ဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအား တာဝန်အပ်နှင်း

**မကွေး ဧပြီ ၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့်ခန့်ထားသော လက်ထောက်ဆရာဝန် (သစ်လွင်) နှင့် သွားဘက်ဆိုင်ရာဆရာဝန်(သစ်လွင်) များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးနှင့် ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ လက်ထောက်ဆရာဝန် (သစ်လွင်) နှင့် သွားဘက်ဆိုင်ရာဆရာဝန် (သစ်လွင်) များ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ခန့်အပ်သော လက်ထောက်ဆရာဝန်(သစ်လွင်) နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်(သစ်လွင်)များအား ဩဝါဒစကားပြောကြားရာတွင် ဝန်ထမ်းများ၏ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများလိုက်နာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အကာအကွယ်ပေးနိုင်ရန် ကျွမ်းကျင်မှုလိုအပ်သဖြင့် လုပ်ငန်းခွင်အတွင်း ထပ်မံလေ့ကျင့်သင်ကြားရေး၊ ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူများ၏လိုလားချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တတ်နိုင်သမျှဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မျက်ခြည်မပြတ် လေ့လာဆောင်ရွက်ရေး၊ ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရန် မိမိတတ်ကျွမ်းသောပညာအား ပိုမိုကျွမ်းကျင်တတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ တာဝန်ကျရာဒေသ၊ ရပ်ရွာဒေသမှာ ပြည်သူနှင့်တစ်သားတည်းဖြစ်အောင်နေပြီး ပြည်သူ့အမာခံ ပြည်သူ့ဝန်ထမ်းအဖြစ်ခံယူဆောင်ရွက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းများနှင့် ဝန်ထမ်းစည်းကမ်းများကို တိတိကျကျလိုက်နာရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သီတာလှနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမြင့်တို့ကသစ်လွင်ဆရာဝန်များအား ကျန်းမာရေးဝန်ကြီးဌာနနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ဆေးရုံများအခြေအနေနှင့် ဆရာဝန်များ၏ လိုက်နာရမည့်စည်းကမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အလုပ်တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့်ခန့်အပ်သော လက်ထောက်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ရွေးချယ်၍ အောင်မြင်သူများကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် သင်တန်းတက်ရောက်စေခဲ့ကာ သင်တန်းအောင်မြင်သူ လက်ထောက်ဆရာဝန် (သစ်လွင်) ၁၆၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် (သစ်လွင်) ၁၂ ဦးအား အလုပ်တာဝန်ခန့်အပ်ပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်ဆေးရုံကြီးများနှင့် သင်ကြားရေးဆေးရုံကြီးများတွင် တာဝန်ချထားပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# (၄၅) ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းသို့ ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့

**ဘားအံ ဧပြီ ၃**

ကရင်ပြည်နယ်တွင် ကရင်စာပေတိုးတက်ပြန့်ပွားစေရေးအတွက် (၄၅) ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ်မွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားရာ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ပေးအပ်ထောက်ပံ့ခဲ့ကြောင်းသိသည်။

သင်တန်း၌ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းကျောင်းသား၊ ကျောင်းသူများ စားရေးသောက်ရေးအစရှိသည်များ အဆင်ပြေစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးခြင်းကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ ကရင်စာပေယဉ်ကျေးမှုသင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သောငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ကရင်ပြည်နယ် ကရင်စာပေယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေး ဥက္ကဋ္ဌ ဦးစောအေးမြက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ ကရင်တိုင်းရင်းသား လူငယ် ၈၀၀ ကျော် တက်ရောက်သင်ကြားပြီး သင်တန်းကို မတ် ၂၅ မှ စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကာလ ၁၅ ရက် ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**


# ဓမ္မတာမျိုးဆက်ခြင်းဆောင်ရွက်ရာမှ ထွက်ရှိလာသောထင်းများအားဖြန့်ဝေ

**မြင်းခြံ ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကုက္ကဲတောင် ကာကွယ်တော သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများအနက် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ ဧက ၁၀၀ မှထွက်ရှိသည့် ထင်းများအား ထိန်းသိမ်းရေးပင်မစခန်းတဲအနီးရှိ ဘလဲ့ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲ ကို မတ် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။



အခမ်းအနားတွင် တက်ရောက်လာကြသော ဒေသခံဘလဲ့ကျေးရွာနေပြည်သူများအား မြင်းခြံခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်(၂)၊ မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများကဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှထွက်သည့် ထင်း ၈ ဒသမ ၉၁တန်အား ဖြန့်ဝေပေးခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**











**လူပျောက်ကြော်ငြာ**

အလုံမြို့နယ်၊ စပယ်လမ်း၊ အမှတ်(၁၃)၊ မြေညီထပ်နေအိမ်မှ မသင်းသင်းဦး အဖ ဦးမြင့်ဦးသည် ၁၂-၃-၂၀၁၅ ရက် နံနက် ၉း၃၀နာရီတွင် မုန့်စားမည်ဟုပြောကာ အပြင်သို့ထွက်သွားရာမှ ယနေ့အချိန်ထိ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဆက်သွယ်ရန်- ဖုန်း- ၀၉-၃၀၀၁၅၆၅၂၊ ၀၉-၄၂၂၄၆၅၆၃



# တာချီလိတ်၌ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**တာချီလိတ် ဧပြီ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပြည်သူလူထုအသိပညာပေးဟောပြောပွဲကို မတ် ၃၀ ရက် နံနက်က အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်မှုတွင် အရေးပါသည့် ဇီဝလုံခြုံမှုဆိုင်ရာ ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာအောင်ဝင်းကြည်က ကြက်ငှက်တုပ်ကွေးရောဂါလူသို့ကူးစက်ပါက ရောဂါလက္ခဏာများနှင့် ရောဂါမကူးစက်ရေး လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနေ့ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်၊ ငှက်အသားနှင့် ကြက်ဥရောင်းချသည့် ဈေးသည်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**လှရွှေ(ပြန်/ဆက်)**



Eu အစီအစဉ်ဖြင့်ဖွင့်လှစ်သော လူစုလူဝေးထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို မတ် ၂၇ ရက် နံနက် ၈ နာရီက အင်္ဂပူမြို့နယ် ပြည်သူ့အားကစားခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါသင်တန်းတွင် ဟင်္သာတမြို့နယ်မှ ရဲအုပ်ခင်ရွှေဦးဆောင်သော သင်တန်းနည်းပြဆရာခြောက်ဦးက လူစုလူဝေးထိန်းသိမ်းခြင်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ပြီး အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိခြောက်ဦးနှင့် အခြားအဆင့် ၆၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - မန်းကျော်(ပြန်/ဆက်)

# သင်္ကြန်ကာလအတွင်း ရေကစားသူများနှင့် မော်တော်ယာဉ်များအတွက် သတိပေးချက်များ မုံရွာတွင် ထုတ်ပြန်

**မုံရွာ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး၊ ပြည်သူများဘဝလုံခြုံမှုရှိရေး၊ ဝိသမလောဘသမားများ မိမိအကျိုးစီးပွားအလို့ငှာ လုပ်ဆောင်မှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးအတွက် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါသတိပေးအမိန့်ကြော်ငြာစာတွင် ရေပက်ကစားသူများနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း မပြုရ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် လှုပ်ရှားဆောင်ရွက်မှုမျိုးမပြုလုပ်ရ၊ နိုင်ငံတကာအလံများကို မည်သည့်နည်းနှင့်မျှ ယူဆောင်ပြီး ရေကစားခြင်း၊ ရေပက်ခံထွက်ခြင်းမပြုရ၊ ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှုများနှင့် မျက်နှာဖုံးစွပ်ပြီး ရေကစားခြင်း၊ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေလောက်သော မူးယစ်သောက်စားပြီး ရေပက်ခံထွက်ခြင်းမပြုရဟူ၍လည်းကောင်း၊ ယာဉ်များနှင့်ပတ်သက်ပြီး မည်သည့်ယာဉ်မဆို ခံနိုင်ဝန်ထက်ပိုပြီး တင်ဆောင်ခြင်းမပြုရ၊ ထော်လာဂျီယာဉ်များ ရေပက်ခံမထွက်ရ၊ မော်တော်ဆိုင်ကယ်များစီးနင်းပါက ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုပြီး တင်ဆောင်ကာ ရေပက်ခံထွက်ခြင်းမပြုရ၊ တွေ့ရှိက ဆိုင်ကယ်အား သင်္ကြန်ကာလအတွင်း ယာယီသိမ်းဆည်း၍ ဥပဒေနှင့်အညီအရေးယူမည်ဖြစ်သည်။

လိုင်စင်မဲ့ယာဉ်များအသုံးပြုသည်ကိုတွေ့ရှိက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်၊ မူးယစ်သောက်စားပြီး မော်တော်ယာဉ်များမောင်းနှင်ခြင်းမပြုရ၊ မည်သည့်ယာဉ်မဆို နံပါတ်ပြား၊ သက်သေခံကတ်ပြားတပ်ဆင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန်၊ အိတ်ဇောဖွင့်၍ ဆူညံသံများဖြင့် မော်တော်ဆိုင်ကယ်များမောင်းနှင်ခြင်း၊ မီးသတ်ဥဩသံနှင့်တူသောဟွန်းသံများ တပ်ဆင်ခြင်းမပြုရန်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များမောင်းနှင်ရာတွင် တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်ခြင်း၊ ရေခဲထုပ်၊ ရေပူပေါင်း၊ ဆပ်ပြာရေထည့်ထားသောဂက်စ်ဘူးများ အသုံးမပြုရ၊ ကွန်ပရက်စာပန့်များအသုံးပြု၍ အန္တရာယ်ဖြစ်အောင်ရေကစားခြင်းမပြုရဟူသော အချက်များပါဝင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်မဟာသင်္ကြန်ကာလမှာလည်း ယခုလို သတိပေးအမိန့်တွေထုတ်ပြန်ပြီး ကြိုတင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် သင်္ကြန်ရေကစားတဲ့သူတွေ၊ ရေပက်ခံထွက်တဲ့သူတွေ၊ ပတ်ဝန်းကျင်ကသူတွေကော စိတ်အေးချမ်းသာစွာနဲ့ နေနိုင်ခဲ့တယ်။ ယာဉ်မတော်တဆမှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေလည်း လျော့ကျခဲ့တယ်။ ယခုနှစ်မှာလည်း ပြီးခဲ့တဲ့နှစ်လိုဖြစ်ဖို့အတွက် ယခုလိုသတိပေးအမိန့်တွေထုတ်ပြန်တာပါ။ ယခုနှစ်က မုံရွာမြို့မှာ သင်္ကြန်အကမဏ္ဍပ် ၁၃ ခုနဲ့ အလှပြယာဉ်ခုနစ်ခုပါမယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုးက ပြောသည်။

အဆိုပါအမိန့်များကို လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေအပြင် ပြစ်မှုဆိုင်ရာဥပဒေ ၁၈၈ အရ ထိရောက်စွာအရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



















# စာတတ်မြောက်ရေးလုပ်အားပေးသွားမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ

**မကွေး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ၂၀၁၅ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလုပ်အားပေးအနေဖြင့် အောင်လံမြို့နယ်သို့သွားရောက်မည့် မကွေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အတူ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် နွေရာသီစာတတ်မြောက်ရေး လုပ်အားပေးသွားရောက်မည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အောင်လံမြို့နယ်သို့ ၂၀၁၅ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလုပ်အားပေးသွားရောက်မည့် မကွေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ဩဝါဒအမှာစကား ပြောကြားရာတွင် ကျောင်းသားလူငယ်များအနေဖြင့် နွေရာသီအားလပ်ရက်တွင် တိုင်းဒေသကြီးအတွင်းမှ စာမတတ်သူများအား သွားရောက်သင်ကြားရမှာဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းကြောင်း၊ ကျောင်းပိတ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်ခြင်း၊ လုပ်ငန်းခွင်မဝင်ရောက်မီ တက္ကသိုလ်ကျောင်းသားဘဝမှ စတင်၍ ကျောင်းသား၊ ကျောင်းသူများအား ပရဟိတ လူမှုရေးစိတ်ဓာတ်များရှိလာရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့်ရန်လိုအပ်ကြောင်း၊ စာမတတ်သူပပျောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့်အတွက် နိုင်ငံအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်က မကွေးတက္ကသိုလ်မှ အောင်လံမြို့နယ်သို့ ၂၀၁၅ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလုပ်အားပေး သွားရောက်မည့် မကွေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား စည်းကမ်းပိုင်းများ၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်မဖြစ်ပွားရေး၊ ကျန်းမာရေးကိစ္စများ၊ သက်ဆိုင်ရာ ရွာအလိုက် ရပ်ရွာစည်းကမ်းများ လိုက်နာရေးတို့ကို ပြောကြားခဲ့သည်။

**သန်းနိုင်ဦး(ဇဖဲ)**



လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိအရာခံ အကြပ်စစ်သည်များအတွက် ဖူဂျီကိုပုံနှိပ်တိုက်(ရန်ကုန်) မှ ဦးထိန်လင်းက ငွေကျပ် ၁၀၀၀၀၀၀ တိတိကို မတ် ၃၀ ရက်က ပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြင့်မော်က လက်ခံရယူခဲ့သည်။ (ကြေးမုံ)

## တောင်မြေများဖြိုချ၍ မြေယူစဉ် တောင်ကမ်းပါးမြေပြိုကျ၍ မြေပေါက်လုပ်သားနှစ်ဦးသေဆုံး

**ပုသိမ် ဧပြီ ၃**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကုန်းပြင်နယ်မြေရဲစခန်းပိုင် လက်ပံပင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၆၆/၃) နှင့် (၆၆/၄) အကြား ငါးသိုင်းချောင်းမြို့ဘက်မှ လေးမျက်နှာမြို့ဘက်သို့သွားရာ နှစ်ဖာလုံခန့်အကွာ ဦးချိုကြီးပိုင်သော ဉယျာဉ်ခြံမြေအတွင်းမှ မြေများကို ဦးဝင်းဇော် ရေနံ့သာကျေးရွာနေသူက ၎င်းနေအိမ်ခြံအတွင်းမြေဖို့ရန် မတ် ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် နေ့စားလုပ်သား ငါးဦးဖြင့်တောင်မြေများဖြိုချ၍ ယာဉ်ပေါ်သို့ တင်ဆောင်စဉ် တောင်ကမ်းပါးမှမြေများပြိုကျကာ မြေပေါက်သူ နှစ်ဦးမှာ ပြိုကျမြေများပိ၍ သေဆုံးခဲ့သည်။ ယင်းကြောင့် ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိသည်။

**ပုသိမ်လှကြည်**

# မဟာသင်္ကြန်ပွဲတော်အကြို မူခင်းကျဆင်းရေး ပညာပေးရှင်းလင်းဟောပြော

**ကျောက်ပန်းတောင်း ဧပြီ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်အကြို မူခင်းကျဆင်းရေး ပညာပေးရှင်းလင်းဟောပြောပွဲကို မတ် ၂၉ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက် မဟာဗောဓိမွောရုံတွင် ပြုလုပ်ရာ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟံလင်းနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ ရာအိမ်မှူး ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၇၉ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးက မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်အောင်က မူခင်းလျော့နည်းကျဆင်းရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်မူခင်းမှတ်တမ်းတာဝန်ခံ ရဲအုပ်စိုးဝင်းက ယာဉ်တိုက်မှုအန္တရာယ်နှင့် ပြစ်မှုဆိုင်ရာဥပဒေများကိုလည်းကောင်း၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၃) တပ်ဖွဲ့ခွဲ (၆၀)ညောင်ဦးမှ ဒုတိယတပ်ကြပ်မြင့်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍လည်းကောင်း ပညာပေးရှင်းလင်းဟောပြောခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## လူမှုဘဝမြှင့်တင်ရေး အသက်မွေးမှုပညာရပ်သင်တန်းဆင်း

**ဘားအံ ဧပြီ ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် အာဒရာမြန်မာနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူမှုဘဝမြှင့်တင်ရေး အသက်မွေးမှုပညာရပ်သင်တန်း အပတ်စဉ် (၃) သင်တန်းဆင်းပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီ၌ ဘားအံနည်းပညာတက္ကသိုလ်ခန်းမတွင် ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အာဒရာမြန်မာမှ ဦးလင်းကိုကိုမြက နှုတ်ခွန်းဆက်စကားပြောကြားပြီး စီမံကိန်းမန်နေဂျာ ဦးစောဒလေးဝါးမှ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ လူမှုဘဝမြှင့်တင်ရေး အသက်မွေးမှုပညာရပ်သင်တန်း အပတ်စဉ် (၃) မှ သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

ရွှေဥဒေါင်းမင်း 09250512576, 09421122687
၂၀၁၅ ခုနှစ် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်များ ... Apr 12 24
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 65000
+ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ 65000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်းစမ်း Guest House 90000
အိမ်အရောက် လက်မှတ်ပို့ဝန်ဆောင်မှုပေးပါသည်။ | ကြိုတင်လက်မှတ်ရောင်းပြီ

ချမ်းမိုင်းသစ္စာ 562829, 09-73198239 569782, 09-450006779
သင်္ကြန် ခရီးစဉ်များ Apr 12 ထွက်မည်
Hotel & Restaurant 140000

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
### (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၁၆)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံ ဆောင်ရွက်လိုသူများသည် ၃-၄-၂၀၁၅ ရက်မှစ၍ ၂၇-၄-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် ပုံစံအရေအတွက်၊ တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် ကြည့်ရှုနိုင်ပြီး ၂၇-၄-၂၀၁၅ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ်(၀၆၇-၄၃၁၀၂၇) နှင့် (၀၆၇-၄၃၁၀၄၂) သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

### အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာတန်ဖိုးမျှပြည်သူ့ဝန်ထမ်းအိမ်ရာအား လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း(၉၀၀၀၀၀၀၀၀)ကျော်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း(၂၄၆၈၀၉၆၄၀၀)ကျော်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း(၄၁၈၇၈၇၄၀၀၀)ကျော်၊ စုစုပေါင်း ကျပ်သန်းပေါင်း(၇၅၅၅၉၇၀၄၀၀) ကျော် ကျခံသုံးစွဲပြီး စီမံဖော်ထုတ်ပေးလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့်ရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ပြီး ဝယ်ယူခွင့်လျှောက်လွှာများကို ၈-၄-၂၀၁၅ ရက် နံနက် ၈ နာရီ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကော်မတီ(၃)ရပ်မှ ကိုယ်စားမဲနှိုက်သည့် မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

### "နှစ်၃၀ပြည့်ပုလဲရတုဆုတောင်း"

ယနေ့ ၄-၄-၂၀၁၅ရက်တွင် ကျရောက်သော ဖေဖေ ဦးကျော်မင်း၊ မေမေ ဒေါ်လှလှဝင်းတို့၏ ပုလဲရတုမှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ အနာမဲ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေး လိုက်ပါသည်။

သမီးကြီး - မကျော့ကျော့လင်း (B.E Electrical Power)
သား - မောင်သီဟန်ဝင်း (B.A Myanmar)
သမီးငယ် - မသွယ်သွယ်ကျော်မင်း (LL.B)

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Sticker)(၁. ၅"×၁. ၂") အရွယ်အစား ဆင်ဆာလက်မှတ်(Sticker)ခုရေ (၁၆၈၀၀၀၀၀) (တစ်ရာခြောက်ဆယ့်ရှစ်သိန်းတိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၈-၄-၂၀၁၅ ရက်မှ ၁-၅-၂၀၁၅ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
(ခ) တင်ဒါတင်သွင်းရန်နေရာ - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဂ) တင်ဒါတင်သွင်းရမည့်ရက် - ၄-၅-၂၀၁၅ ရက်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

### မွေးနေ့ဆုတောင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးဘိုးစိန်၏ ၂၉-၃-၂၀၁၅ရက်တွင် ကျရောက်သော (၇၄)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် သက်ထက်ဆုံးတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေ။

ချစ်သားသမီးများ
ချစ်မြေးများ

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE 2 V.221 သင်္ဘောသည် ၅-၄-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V.11 သင်္ဘောသည် ၆-၄-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈
ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

# အင်တာနက် Package

ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ

အသက်သာဆုံးဈေးနှုန်း
~~1 MB လျှင် ၁၀ ကျပ်~~
1 MB လျှင် ၅ ကျပ်

## အလျင်မြန်ဆုံး 3G အင်တာနက်ကို အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ~~၅၀၀၀ ကျပ်~~ ၂၈၀၀ ကျပ် | 400 MB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၇ကျပ် |
| ~~၁၀၀၀၀ ကျပ်~~ ၆၅၀၀ ကျပ် | 1 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၆ကျပ် ၅၀ပြား |

## အင်တာနက်အသုံးများသူများအတွက် ပရိုမိုးရှင်း PACKAGE အသစ်

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ၂၅၀၀၀ ကျပ် | 5 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၅ကျပ် |

## ဝယ်ယူအသုံးပြုနည်း

**Prepaid** သုံးစွဲသူများအတွက် **400MB** (သို့မဟုတ်) **1GB** (သို့မဟုတ်) **5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

**Postpaid** သုံးစွဲသူများအတွက် **POST400MB** (သို့မဟုတ်) **POST1GB** (သို့မဟုတ်) **POST5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

## DATA သုံးစွဲမှုခန့်မှန်းပမာဏများ

* အွန်လိုင်းမှ သီချင်းတစ်ပုဒ် နားထောင်လျှင် ၁ မိနစ် 1MB
* ဗီဒီယို ၁ မိနစ်စာ ကြည့်လျှင် 4.5MB
* အီးမေးလ် ၁ စောင်ပို့လျှင် 20KB (attachment မပါလျှင်)



- GSM နှင့် WCDMA အသုံးပြုသူများအတွက်ဖြစ်ပါသည်။
- ဆွေသဟာဝန်ဆောင်မှုကို ရယူထားပြီးမှသာ Internet Package ကိုဝယ်ယူနိုင်ပါမည်။
- Package ဝယ်ယူမှုကျသင့်ငွေကို လက်ကျန်ငွေမှ နုတ်ယူမည်ဖြစ်ပါသည်။
- အထူးလျှော့ဈေး Internet Package ဝယ်ယူနိုင်သည့်ကာလကို ထပ်မံမကြေညာမီအချိန်ထိ တိုးမြှင့်လိုက်ပါသည်။

CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။

ဝေါဟာရနှင့် သက်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၁၅) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၅ ခုနှစ် ၊ ဧပြီလ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ကခ-၂၀၇၀၄၁

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ပ-၄၃၈၇၃၂ ပ-၃၀၃၉၀၆

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

ည-၃၅၈၃၇၆
ကစ-၂၅၀၅၀၆
ကဃ-၁၀၇၅၂၀
ရ-၃၇၅၆၁၅
င-၁၉၅၂၄၅

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဠ-၇၈၁၃၀၁
ဝ-၈၃၉၈၅၃
ဖ-၄၆၅၁၃၀
ဎ-၁၇၄၃၉၇
ကဆ-၄၆၃၉၇၆
ဆ-၇၇၈၃၂၄

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

မ-၈၄၃၀၄၁
ဟ-၆၇၇၁၂၇
ဃ-၉၄၁၁၅၅
ဖ-၅၃၆၂၁၀
ည-၉၃၇၁၆၄
ဏ-၈၈၅၅၁၁
ခ-၃၈၁၅၈၉

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | |
|---|---|---|---|---|
| ရ-၃၁၆၆၁၇ | ဟ-၃၂၄၃၇၁ | ပ-၅၀၉၈၀၀ | ကဆ-၇၃၀၃၄၇ | ဖ-၅၉၈၃၇၃ |
| ထ-၉၆၄၈၃၈ | ခ-၇၇၅၆၀၈ | ဠ-၈၄၇၉၄၂ | ဌ-၇၇၇၁၈၃ | ပ-၉၅၈၈၇၆ |
| ဓ-၉၄၃၇၁၈ | ကခ-၅၃၄၇၆၂ | ဏ-၆၁၈၁၃၁ | တ-၈၇၈၁၇၂ | ထ-၅၉၃၃၁၄ |
| ည-၇၆၂၆၁၉ | ကင-၄၀၉၈၆၀ | ဟ-၇၇၇၉၄၈ | | |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ကင-၉၉၁၁၀၅ | ကဃ-၄၆၀၅၄၆ |
| ကစ-၇၉၃၆၁၆ | ကဃ-၇၀၁၁၁၄ |
| င-၄၂၀၃၀၆ | င-၂၇၀၈၁၀ |
| ဇ-၂၁၉၃၀၁ | ဒ-၆၉၀၅၅၇ |
| အ-၅၀၂၄၇၂ | ခ-၃၈၃၆၁၀ |
| ဈ-၆၅၁၆၈၃ | ဠ-၄၁၃၁၇၂ |
| ဋ-၆၁၆၀၀၉ | ကဆ-၃၁၇၅၃၆ |
| မ-၅၉၁၈၄၀ | ဠ-၈၅၆၁၈၇ |
| ကက-၅၄၀၄၃၈ | ခ-၄၈၀၉၇၉ |
| ဋ-၂၈၇၉၉၀ | ဘ-၁၈၈၃၂၆ |

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၅)ဆုများ

| | |
|---|---|
| ဝ-၈၇၄၆၈၈ | င-၉၀၇၈၆၄ |
| ဇ-၄၁၅၅၂၄ | စ-၇၈၁၂၇၆ |
| င-၁၀၁၄၆၃ | သ-၂၇၀၄၄၃ |
| ဃ-၁၃၁၁၄၂ | ဓ-၂၂၀၄၃၄ |
| င-၉၄၆၆၄၀ | ကဃ-၈၅၂၂၁၇ |
| ဌ-၁၀၈၅၃၇ | ဓ-၅၂၅၄၄၀ |
| င-၆၀၂၇၄၁ | ဌ-၄၈၄၁၁၉ |
| လ-၄၅၅၂၀၁ | ဗ-၆၈၁၁၆၅ |
| ကဃ-၁၄၀၅၈၀ | ဇ-၆၇၈၈၂၄ |
| လ-၆၆၂၅၁၂ | ဌ-၉၆၀၁၀၁ |

ကြော်ငြာ

**ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ**

| | | |
|---|---|---|
| တ-၉၆၆၈၈၉ | အ-၇၁၃၉၆၀ | ထ-၆၉၂၅၃၃ |
| ဇ-၉၅၃၃၀၃ | ဈ-၅၃၂၉၅၄ | ကဆ-၈၂၂၃၀၀ |
| ဇ-၉၆၆၇၇၅ | ကဂ-၉၉၄၁၅၆ | ကင-၁၄၅၉၁၄ |
| ဌ-၈၉၉၈၆၉ | ကဃ-၇၇၂၁၂၈ | ယ-၄၄၇၉၁၉ |
| ဒ-၆၃၇၅၉၆ | န-၂၂၃၀၃၀ | ဋ-၂၃၄၈၄၀ |
| န-၇၉၈၉၂၇ | ကင-၂၂၁၀၅၉ | ဟ-၅၂၈၀၂၈ |
| ဋ-၃၄၈၆၅၁ | ကဃ-၆၅၇၅၀၈ | တ-၉၆၂၈၃၆ |
| ဖ-၁၈၈၀၈၆ | ဇ-၇၂၆၂၆၈ | ကက-၈၅၅၄၅၂ |
| ဂ-၃၃၄၁၃၉ | ဆ-၅၁၁၆၀၅ | ဒ-၃၄၃၂၆၁ |
| ကင-၄၇၄၂၉၉ | ဃ-၇၈၇၀၅၈ | တ-၈၉၈၀၇၆ |

**ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ**

| | | |
|---|---|---|
| ကခ-၇၄၇၀၈၈ | တ-၅၉၅၄၆၁ | ဌ-၂၁၂၈၄၆ |
| ဒ-၉၃၅၀၁၃ | ဌ-၄၇၄၆၁၂ | ခ-၄၅၄၁၇၂ |
| ယ-၉၄၅၇၅၆ | ကစ-၂၈၆၃၄၇ | ရ-၉၄၉၄၆၂ |
| ယ-၄၄၁၆၃၃ | ဃ-၄၃၁၀၅၃ | ဇ-၅၂၁၉၉၁ |
| န-၉၉၆၄၆၄ | ဘ-၄၈၂၅၇၁ | သ-၃၀၆၀၂၆ |
| စ-၉၈၀၈၈၂ | သ-၉၁၇၂၃၇ | ရ-၅၇၈၂၉၆ |
| စ-၈၆၈၂၃၅ | ထ-၅၂၅၉၀၇ | ရ-၅၁၂၆၃၅ |
| ကဃ-၉၀၂၉၈၉ | လ-၄၈၉၅၅၀ | ကဂ-၃၉၃၆၅၂ |
| ဘ-၆၁၇၂၈၁ | ဌ-၉၂၃၈၈၄ | ဍ-၁၀၇၁၇၂ |
| စ-၂၇၈၆၃၉ | စ-၁၇၁၉၈၅ | ဏ-၇၃၅၆၁၄ |
| ဝ-၇၅၆၇၀၀ | ခ-၂၃၅၀၈၈ | |
| ဇ-၄၂၈၂၅၆ | ဂ-၄၈၃၂၉၃ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

**ဝေဝေဆာဆာပဒေသာ(၃)သိန်းဆု**

| | |
|---|---|
| အ-၇၀၂၈၇ | ပ-၄၉၃၄၆ |
| ဖ-၆၃၇၉၂ | ဇ-၅၉၂၂၃ |
| ထ-၈၄၉၆၆ | ရ-၄၆၉၀၀ |
| ဂ-၇၈၉၄၀ | ဖ-၃၆၈၆၇ |
| ဍ-၂၀၉၁၇ | ဝ-၇၃၃၈၁ |

အတွဲရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၁)လုံးလွဲ ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ(၂)သိန်းဆု**

| | |
|---|---|
| ဈ-၉၃၈၉ | ကဆ-၉၂၇၇ |
| ပ-၃၆၉၄ | ဆ-၅၃၇၂ |
| ဈ-၂၉၃၅ | တ-၅၃၂၆ |
| ကစ-၉၄၉၁ | န-၂၄၈၁ |
| ဌ-၃၈၄၁ | ကဂ-၄၈၂၂ |

အတွဲရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၂)လုံးလွဲ ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ(၁)သိန်းဆု**

| | | |
|---|---|---|
| ဇ-၇၅၈ | ကခ-၁၈၆ | ဃ-၁၇၄ |
| ကင-၈၂၅ | ဘ-၃၀၂ | ဘ-၄၆၅ |
| ဏ-၆၇၅ | ဘ-၁၀၂ | ဒ-၉၁၉ |

အတွဲရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၃)လုံးလွဲ ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာ(၅)သောင်းဆု**

လ-၇၉

ထ-၄၃

ဏ-၅၇

အတွဲရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၄)လုံးလွဲ ကျပ်၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၁၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ ( ၃၂၇၂၇၂၀ ) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် ( ၆၅၄၅၄၄၀၀၀၀ ) ရရှိခဲ့ပြီး၊ ၄င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်( ၃၉၂၇၂၆၄၀၀၀ )ကို ဆုမဲပေါင်း (၄၀၂၄၃) အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်၊

၂။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများ အနေဖြင့် (၃၁၆) ကြိမ် အတွက် ၃-၄-၂၀၁၅ ရက် မှစတင်၍ အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်း နှင့် (၃၇)လမ်းထောင့်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင်ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် ကျပ်၂၀၀၀ နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ်(၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်၊

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၇- ၄- ၂၀၁၅ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊ ၂′ × ၃′ ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်၊

*အောင်ဘာလေသိန်းဆုဌာနခွဲ*

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS




GOLDEN CITY မိသားစုမှ
နှစ်သစ်သင်္ကြန်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မြန်မာ့နှစ်ကူးလက်ဆောင် ဧပြီလ (၁)ရက်နေ့ မှ မေလ (၃၁)ရက်နေ့ထိ
ပထမဆုံး အခန်းကြိုတင်စာရင်းပေးသွင်းသူ (၁၀)ဦးအတွက်သာ
8% Discount + US $ 3,000 Trip Package (or) Electronic Set Package

The First Unique Real Estate Project Won The "Green Asia Habitat Awards"
GOLDEN CITY

SHOW GALLERY သင်္ကြန်ပိတ်ရက်
11.04.2015 မှ 19.04.2015 အထိ

Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Golden City Myanmar Website: www.glredcl.com Email: goldencity@glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ကြော်ငြာ




Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)

**SUITABLE FOR ALL TRUCK CHASSIS.** (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)

**Price Starting From**

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |




**Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.**

Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar

LIEBHERR


ဖုန်းခေါ်ခ အနည်းဆုံး
တစ်မိနစ် ၂၀ကျပ်နှုန်းဖြင့် မြန်မာပြည်တွင် ဖုန်းခေါ်ခ အနည်းဆုံးကို ရယူရန်
5555 ကို RED ဟုမက်ဆေ့ချ် SMS အခုပဲ ပေးပို့လိုက်ပါ။
အတာနှစ်ကူးလက်ဆောင်အနေဖြင့် ဧပြီလအတွင်း ပေးပို့ပါက စာရင်းသွင်းကြေး
၅၀၀ကျပ် ပေးစရာမလိုပါ။
ooredoo
၁မိနစ်
၂၀
ကျပ်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။




ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏

**Gandamar Grand Ballroom** ကို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

**Gandamar Wholesale Level (III)**၌

၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




*အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ ( ၃၁,၀၀၀ Sqft ) ရှိ ခန်းမကြီးထဲတွင် မင်္ဂလာဧည့်ခံပွဲများအတွက် လူဦးရေ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop, Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။

*Fashion Show, Live Show, Stage Show များကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

*Dinner Party, Birthday Party, Staff Party နှင့်Gathering များလည်းကျင်းပပေးနိုင်ပါသည်။

*Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေးပါသည်။

*ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

Hot Line No-0930500100

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေးအဖွဲ့ အန်ကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ရုံးသို့ သွားရောက်



ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကမ္ဘောဒီးယားနိုင်ငံရှိ ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**ဆီယမ်ရိ မေ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက် ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ရုံးသို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် အန်ကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ဆုတ်ခ်အန်နှင့် ဇနီးတို့က ကြိုဆိုကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် အန်ကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌက အဆိုပါ အာဏာပိုင်အဖွဲ့ကို အန်ကောဝပ်နှင့် အနီးဝန်းကျင်ဒေသများရှိ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဒေသများအား ကာကွယ်စောင့်ရှောက်ရန် အတွက် ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အဖွဲ့ကြီးအား ဆီယမ်ရိဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး ယဉ်ကျေးမှုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်၊ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများ၏ အကူအညီရယူ၍ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ပျက်စီးမှုအန္တရာယ်စိုးရိမ်ရသော အမွေအနှစ်များ စာရင်းထဲတွင် ထည့်သွင်းခံထားရသည့် အန်ကောဒေသအား **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

# အကျွမ်းမဝင်သောကစားကွက်ကြောင့် ခြေစွမ်းမပြနိုင်ခဲ့သည့် ဝဲလ်ကော့ စိတ်ဓာတ်ရေးရာပျက်စီးသွားမည်ကို ဝင်းဂါးမလိုလား



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝဲလ်ကော့အနေဖြင့် အီတလီနှင့်ပွဲ၌ အင်္ဂလန်အသင်းအတွက် ၎င်းနှင့် မရင်းနှီးသော ကွင်းလယ်ဖန်တီးရှင်နေရာ၌ ကစားခဲ့ရပြီး ဆိုးရွားသည့်ကစားပုံကြောင့် ပြင်းထန်သော ဝေဖန်မှုများရရှိခဲ့ရာ အဆိုပါဝေဖန်မှုများကြောင့် ကစားသမား၏ အနာဂတ်ထိခိုက်မည်ကို မလိုလားဟု ဆိုခဲ့သည်။ တူရင်၌ ကစားခဲ့သည့် အီတလီနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ဝဲလ်ကော့သည် ကျောနံပါတ်(၁၀) ဝတ်ဆင်သော ကစားသမားများသာ ကစားလေ့ရှိသည့် ကစားကွက် ဖန်တီးရှင်နေရာတွင် ကစားခဲ့ရရာ ခြေစွမ်းသာမန်အောက် ရောက်ရှိခဲ့ပြီး အီတလီသတင်းစာများက ၎င်းကို "ထာဝရ ပီတာပန်"ဟု ပြောင်လှောင်ရေးသားခဲ့သည်။

ထို့ကြောင့် အာစင်ဝင်းဂါးက ဝဲလ်ကော့အနေဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒

## ယနေ့ မာတိကာ


မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် သမိုင်းအတွင်းက သမိုင်းဝင်နေ့ရက် တစ်ရက် စာမျက်နှာ - ၆

ရုရှားအရှေ့ဖျားဒေသ ရုရှားငါးဖမ်းသင်္ဘော နှစ်မြုပ်မှုတွင် မြန်မာနိုင်ငံသားများပါဝင် စာမျက်နှာ - ၁၁

အော်စကာကိုအလိုရှိနေ၍ ပေါ့ဘာအားချယ်လ်ဆီးသို့ ရောင်းချသွားရန် ဂျူဗင်တပ်စီစဉ် စာမျက်နှာ - ၁၃


# အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိထိန်းသိမ်းခံ မြန်မာရေလုပ်သားများ မကြာမီပြန်လည်ရောက်ရှိမည်

**နေပြည်တော် မေ ၃**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၌ ဖမ်းဆီးထိန်းသိမ်းခံထားရသော ရေလုပ်သားများစွာရှိပြီး အများစုမှာမြန်မာနိုင်ငံသားများဖြစ်ကာ ၎င်းတို့အနေဖြင့် မိမိနိုင်ငံသို့ ပြန်လိုကြောင်းသတင်းပို့သည့်အတွက် ဂျကာတာမြို့အခြေစိုက် International Organization for Migration (IOM) အဖွဲ့အနေဖြင့် အင်ဒိုနီးရှား လူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ ငါးလုပ်ငန်းတာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပို့ဆောင်နိုင်ရေး ကူညီဆောင်ရွက်ပေးလိုကြောင်း မတ် ၃၀ ရက်တွင် IOM အဖွဲ့ အကြီးအကဲ မာ့က်ဂတ်ချဲက်က အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဂျကာတာမြို့၌ တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ IOM နှင့်မြန်မာသံရုံးတို့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ **စာမျက်နှာ ၅ ကော်လံ ၅ သို့** ❍






themirror.npt@gmail.com www.facebook.com/themirrordaily